ခန္တီ စ ဧတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၂)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးတည်ဆောက်ရေး မြန်မာအင်ဂျင်နီယာများသည် အမျိုးသားရေးစွမ်းအားစုဖြစ် အင်ဂျင်နီယာစွမ်းပကားမြှင့်မားရေး နိုင်ငံတော်ကထောက်ကူပေးမည်

ရန်ကုန် မေ ၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ တက္ကသိုလ်ကျောင်းလမ်း မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ (MICT Park) အနီးရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ်ဆောက်လုပ်မည့်နေရာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ပြီး နဝရတ်ကိုးပါး ငွေကြုတ်ကိုမြှုပ်နှံပေးကာ ရတနာအုတ်မြစ်တော်စီပေးသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✻

ရတနာအုတ်မြစ်တော်စီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် ရတနာအုတ်မြစ်တော်စီပေးစဉ်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး အပြီးတွင် အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

အဆင့်မြင့်ဥယျာဉ်ကြီးဖြစ်ရေး ဇုန်အလိုက်လုပ်ငန်းများစံချိန်စံညွှန်းမီဆောင်ရွက် အပန်းဖြေသူများသဘာဝခံစားမှုရရန် ပန်းပေါင်းစုံဖူးပွင့်သည့်ဥယျာဉ်အဖြစ်မွမ်းမံ

ရန်ကုန် မေ ၁

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ***စာမျက်နှာ ၉ ကော်လံ ၄*** ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၂ ရက်)

အလုပ်သမားထု၏ ကောင်းမြတ်သောအစဉ်အလာများနှင့်အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေးကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားထုကြီးကလည်း ထက်မြက်သောစွမ်းပကားဖြင့် အမျိုးသားရေးတာဝန် ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နေကြသည်။

ဤကဲ့သို့ အလုပ်သမားထုကြီးအပါအဝင် တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်သော ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သော အမျိုးသားရေး မူဝါဒများ၊ မွန်မြတ်သန့်စင်သော အမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအကျိုး မလိုလားသည့် မသမာသူ အဖျက်အုပ်စုတစ်စုသည် အလုပ်သမားအရေခြုံ အမည်ခံအဖွဲ့အစည်းများ ဖွဲ့စည်းလျက် မွန်မြတ်သန့်စင်သည့် အလုပ်သမားထုကြီး၏ ဂုဏ်ဒြပ်ကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် မတော်မတရားအသုံးချပြီး အလုပ်သမားအခွင့်အရေး ဗန်းပြလျက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက် လှုပ်ရှားနေမှုများရှိနေသည်ကို တွေ့ကြရမည်ဖြစ်သည်။

ထို့အပြင် အလုပ်သမားကြီးများအပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲနိုင်ရန် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲချက်များဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဖန်တီးလုပ်ဆောင်နေကြသည်ကိုလည်း ကြားသိနေရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၄ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာတွင်–

“မြန်မာနိုင်ငံသူနိုင်ငံသား အလုပ်သမားကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက်၌ ကျရောက်ခဲ့ရစဉ်က ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ အစီအစဉ်တကျ သွေးခွဲသပ်လျှိုမှု၊ စီးပွားရေးအရ သွေးစုပ်ခြယ်လှယ်မှုတို့ကို ခါးစည်းခံ စားရင်း အလုပ်သမား၊ လယ်သမားများနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ကောင်းမြတ်သည့် သမိုင်းအစဉ်အလာ ရှိထားပြီးဖြစ်ပါသည်”

ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အလုပ်သမားအခွင့်အရေးများနှင့်တကွ နိုင်ငံသူနိုင်ငံသား အခွင့်အရေးများ ခိုင်ခိုင်မာမာဖြစ်ထွန်းစေရေး၊ လောကပါလ တရားနှစ်ပါးနှင့် တရားမျှတမှုကို အခြေခံသော ညီညွတ်မျှတသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရေး ထို့အပြင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒများကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရေးအတွက် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများကို တည်ဆောက်ပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အလုပ်သမားထုကြီးအနေဖြင့် မိမိတို့၏ကောင်းမြတ်သော သမိုင်းအစဉ်အလာများနှင့်အညီ အခြားသော အမျိုးသားရေးစွမ်းအားစုများနှင့်ညီညီညွတ်ညွတ်လက်တွဲလျက် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းစေရေးအတွက် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

တရားခွင်လက်တွေ့သရုပ်ပြအခမ်းအနားနှင့် အမှုလိုက်လုပ်ငန်းဝင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁

ပြည်ထဲရေးဝန်ကြီးဌာန တရားခွင်လက်တွေ့ သရုပ်ပြအခမ်းအနားနှင့် အမှုလိုက် လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေ ရဲရိပ်သာ အားကစားခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ တိုင်းအဆင့် ဥပဒေအရာရှိများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မေ ၁ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ခွဲ(၁၂) အင်းစိန်တပ်ခွဲ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ကြီးမှူး၍ တပ်ဖွဲ့ဝင်မိသားစုများ စက်ချုပ်သင်တန်း (၁/၂၀၀၄) ဖွင့်ပွဲတွင် ရထားရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ တပ်ဖွဲ့မှူး၏ဇနီး ဒေါ်ကြည်ကြည်စန်း အမှာစကားပြောကြားစဉ်။ (ဝ၄၆)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းရှင်းလင်းပြောကြား

ရန်ကုန် မေ ၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ဧပြီ၂၉ရက်က ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဘီအီးဒီဒုတိယနှစ် စာပေးစာယူသင်တန်းများတွင် တက်ရောက်လျက်ရှိသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဆရာမများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ခင်ဆွေမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းပုံ အဆင့်ဆင့်၊ ရည်ရွယ်ချက်များနှင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ပုံကိုလည်းကောင်း၊ စည်းရုံးရေးလုပ်ငန်း အဖွဲ့ဝင် ပါမောက္ခဒေါက်တာသိန်းသိန်းမြင့်က အဖွဲ့ချုပ်ရှိ လုပ်ငန်း(၁၆)ရပ်၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး မေးမြန်းသည်များကို ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ကြိတ်ခွဲထုတ်လုပ်ရေးဌာန အင်ဂျင်နီယာဌာနခွဲ ရှင်းလင်းဆောင်တွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မင်္ဂလာ တောင်ညွန့်မြို့နယ် စက်ဆန်းရှိ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကြိတ်ခွဲ ထုတ်လုပ်ရေးဌာန အင်ဂျင် နီယာဌာန ခွဲ၏ ပင်မအလုပ်ရုံသို့ နံနက် ၉ နာရီတွင် ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မအလုပ်ရုံ ရှင်းလင်းဆောင်၌ စီစဉ်ပြသထားသည့် ဆန်စက်ငယ်များဖြင့် ကြိတ်ခွဲထားသော ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက ရှင်းလင်းပြသသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံလုပ် ဆန်စက်ငယ် DJ-300ကို ကြည့်ရှုရာ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ဆန်စက်ငယ်ကို စမ်းသပ်ကြိတ်ခွဲပြသကြသည်။

ဆန်နမူနာပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အင်ဂျင်နီယာဌာနခွဲကရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်(Rubber Roll Husker) တိုးချဲ့တီထွင် တပ်ဆင်ထားသည့် တစ်ရက် ၇ ဒသမ ၅ တန်ကျ ဆန်စက်ငယ်ကိုလည်းကောင်း၊ စပါးသန့်စင်ဆန်ခါ(Paddy Cleaner)နှင့် ဆန်အဆင့်ခွဲခြားစက်(Rice Grader) တိုးချဲ့တီထွင် တပ်ဆင်ထားသည့် တစ်ရက်ခြောက်တန်ကျ ဆန်စက်ငယ်ကိုလည်းကောင်း၊စပါးသန့်စင်ဆန်ခါ၊ စပါးအခွံချွတ်စက်၊ ဆန်အဆင့်ခွဲခြားစက်တို့ တိုးချဲ့တီထွင်တပ်ဆင်ထားသည့် တစ်ရက် ၇ ဒသမ ၅ တန်ကျ ဆန်စက်ငယ်ကိုလည်းကောင်းကြည့်ရှုစစ်ဆေးအားပေးကြရာ တာဝန်ရှိသူများက ဆန်စက်ငယ်များ၏ စပါးကြိတ်ခွဲနိုင်မှုနှင့်ထွက်ရှိသည့်ဆန်နမူနာများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက အရည်အသွေးကောင်းမွန်သည့် ဆန်စက်ငယ်များကိုမြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အင်ဂျင်နီယာချုပ် ဦးနီပေါက ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ခဲ့မှုနှင့်ဆန်စက်ငယ်များ၏ အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ထုတ်လုပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍အတွင်းရေးမှူး(၁)ကလိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ထုတ်လုပ်လျက်ရှိသည့် ဆန်စက်ငယ်များမှာ အရည်အသွေး ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ လယ်ယာလုပ်ကွက်များနှင့်ဆက်စပ်ပြီး သုံးစွဲသူ ကြိုက်နှစ်သက်သောအဆင့်အတန်း ပိုမိုမြင့်မားသည့်ဈေးကွက်ရှိသော ဆန်စက်ငယ်များကို ဆက်လက်ကြိုးပမ်း ထုတ်လုပ်သွားကြရန်လိုကြောင်း။

ကူညီဖြည့်ဆည်း

ဆန်စက်ငယ်ထုတ်လုပ်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကစက်မှုဇုန်များ၊ စက်မှုလုပ်ငန်းရှင်များအား နည်းပညာဖြန့်ဖြူးမှု အပါအဝင် လိုအပ်သည့် ပညာပေး ကူညီဖြည့်ဆည်းခြင်းများကိုဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ခဲ့သည့် အင်ဂျင်နီယာများနှင့် ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာချုပ် ဦးနီပေါအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် ဆန်စက်သုံး ၃၆၀ ကီလိုဝပ်အားရှိ ဂျင်နရေတာ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း တစ်ရက် ၁၀ တန်ကျ ဆန်စက်၏ ဗဟိုထိန်းချုပ်ယူနစ် (**Control Panel**)၊ တစ်ကြိမ်လျှင်စပါးတင်း (၆၅၀) လှန်းနိုင်သည့် စပါးအခြောက်လှန်းစက်၊ တစ်ကြိမ်လျှင် ၂၅တင်း လှန်းနိုင်သည့် စပါးအခြောက်လှန်းစက်နှင့်တစ်နာရီ ၁၆ တန်ကျ စပါးသန့်စင်စက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆန်အကြေနည်းပါး

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၏ မှာကြားချက်အရ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကြိတ်ခွဲထုတ်လုပ်ရေးဌာနအင်ဂျင်နီယာဌာနခွဲမှ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ဆန်စက်ငယ်တွင် စပါးသန့်စင်ဆန်ခါနှင့် ဆန်အဆင့် ခွဲခြားစက်တို့ကို တီထွင်တပ်ဆင်ခဲ့ရာ ဆန်စက်ငယ်များတွင် ဆန်ကြိတ်ခွဲရာ၌ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲများ သန့်စင်ခြင်း၊ စက်ယူနစ်များ၏ ကြံ့ခိုင်မှုသက်တမ်း ကြာရှည်လာခြင်း၊ စားသုံးရန် အဆင့်ရှိ ဆန်အသင့်ရရှိလာခြင်း၊ ဆန်အကျိုးအကြေနည်းပါးခြင်းတို့ ထပ်ဆောင်းရရှိလာသည်။

ရလဒ်ကောင်းများရရှိ

အဆိုပါ ပင်မအလုပ်ရုံသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ယခင် ရောက်ရှိစစ်ဆေးစဉ် ဆန်စက်ငယ်များ၌ ရော်ဘာကြိတ်လုံး စပါးအခွံချွတ်စက်ကို စမ်းသပ်တီထွင်တပ်ဆင်ရန် မှာကြားခဲ့ရာ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများက ကြိုးပမ်းတပ်ဆင် ဆောင်ရွက်နိုင်ခဲ့ကြပြီး ဆန်စက်ငယ်များတွင် ကြိတ်ခွဲအားတိုးတက်လာခြင်း၊ စပါးခွံသီးသန့်ထွက်ရှိလာခြင်း၊ ဆန်အထွက်နှုန်း တိုးတက်လာခြင်း၊ ဆန်အကျိုးအကြေသက်သာခြင်း၊ သန့်ရှင်းသော ဖွဲသန့်သန့်ရရှိခြင်း စသည့် ရလဒ်ကောင်းများ ရရှိစေသည်။

လွယ်ကူစွာသယ်ယူ

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ထုတ်လုပ်လျက်ရှိသည့် ဆန်စက်ငယ်များမှာ စပါးခင်းများအရောက် လွယ်ကူစွာ သယ်ယူအသုံးပြုကြိတ်ခွဲနိုင်သည့်စက်များ ဖြစ်သည်။

အဆိုပါ ဆန်စက်များကို မြင်းကောင်ရေ (၁၀)၊ မြင်းကောင်ရေ(၁၂)၊ ဒီဇယ်အင်ဂျင်များဖြင့် လွယ်ကူစွာ တပ်ဆင်အသုံးပြုနိုင်ပြီး အရည်အသွေး ကောင်းမွန်သည့် (၂၅)မှတ်ဆန်များ ရရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစိုက်ခင်းထူထောင် သစ်၊မျော၊ဝါး၊ထင်း၊စည်းကမ်းမဲ့ထုတ်ယူသုံးစွဲမှုထိရောက်စွာအရေးယူမည်

ရန်ကုန် မေ ၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၂၀၀၄ ခုနှစ် မေလမှစ၍ ငါးနှစ်စီမံချက်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သစ်တောရေးရာဝန်ကြီးဌာန၏ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ပဲခူးမြို့ သီရိဥသာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပဲခူးတိုင်း အတွင်းရှိ ခရိုင် လေးခု၊ မြို့နယ် ၁၉ ခုတို့မှ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ သစ်တောဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပဲခူးတိုင်းအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစီမံကိန်းညွှန်ကြားရေးမှူး ဦးသီရိတင်က ငါးနှစ်စီမံချက်ကို မြေပုံ၊ ဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ ဒေသအာဏာပိုင်များ၊ တပ်၊ ဌာနအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပါဝင်ကူညီပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်သော လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

စည်းရုံးပညာပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ပဲခူးရိုးမသည် အဖိုးတန်ကျွန်းနှင့် သစ်မာများထွက်ရှိရာ ဒေသဖြစ်သည့်အပြင် နိုင်ငံတော် အကြီးအကဲက ဒေသခံပြည်သူလူထု စိုက်ပျိုးရေဖူလုံရန်နှင့် လျှပ်စစ်ဓာတ်အားရရှိစေရန် ဆည်၊တာတမံကြီးများကို ပဲခူးရိုးမပတ်လည်တွင် ၃၅ ခု တည်ဆောက်ပေးထားကြောင်း၊ အဆိုပါ တည်ဆောက်ပေးထားသော တာတမံကြီးများတွင် ရေအပြည့်အဝရရှိ ထိန်းသိမ်းနိုင်ရန် ရေဝေရေလဲ သစ်တောများ အဓိကထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ကြိုးဝိုင်းသစ်တောများအတွင်း ကျူးကျော် ဝင်ရောက်၍ တောင်ယာလုပ်ကိုင်မှု၊ စည်းကမ်းမဲ့ သစ်၊ မျော၊ ဝါး၊ ထင်း၊မီးသွေးထုတ်ယူသုံးစွဲမှုများကြောင့် သစ်တောများပြုန်းတီးမှုကို ယခုအချိန်မှစ၍ ပြန်လည်ထိန်းသိမ်းရန် လိုကြောင်း၊ စည်းကမ်းမဲ့ သစ်၊ မျော၊ ဝါး၊ ထင်း၊ မီးသွေးထုတ်ယူသုံးစွဲမှုများကို ထိရောက်စွာ တားဆီးအရေးယူရန် လိုအပ်သကဲ့သို့ ပြည်သူသုံး လိုအပ်ချက်များကို စနစ်တကျ နေရာ သတ်မှတ်၍ စည်းကမ်းတကျ ထုတ်ယူ သုံးစွဲတတ်သည့် အလေ့အကျင့်များကိုလည်း သက်ဆိုင်ရာ ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများမှ စည်းရုံးပညာပေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်းမှာကြားသည်။

ထို့နောက် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ဌာနဆိုင်ရာတို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

မေ ၂၇ ရက်က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်း အတွင်းအပြင် ချုံနွယ်အမှိုက်များသန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်သူလူထု စုစုပေါင်း ၁၀၀၀ ကျော်တို့ သန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က-ပ)

မီးသုံးခွဲလျှင် အသိဉာဏ်
အစဉ်သတိ အမြဲရှိ

2-5 (03).p65 1 03/24/1905, 6:08 PM

ဘဂ္ဂဒက်မြို့ဝန်းကျင်၌ ဗုံးပေါက်ကွဲမှုနှင့် ပြောက်ကျားတို့တိုက်ခိုက်မှု

တစ်နေ့တည်းကန်တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၃၀

ဘဂ္ဂဒက်မြို့တော်တောင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးအပါအဝင် ကြာသပတေးနေ့၌ ဘဂ္ဂဒက်မြို့ဝန်းကျင်တွင် အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ဝင်ရောက်တိုက်ခိုက်ခဲ့သည့် လွန်ခဲ့သော ၁၃လကစပြီး တိုက်ပွဲ၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်သည် ၅၃၄ဦး ရှိခဲ့သည်။ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအရေအတွက်တွင် ၂၀၀၄ ခုနှစ် ဧပြီလ တစ်လထဲ၌ပင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၂ဦးသေဆုံးခဲ့ရာ အီရတ်ကို အမေရိကန်တို့ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ချိန်မှစ၍ သေဆုံးမှုအများဆုံးလ ဖြစ်ခဲ့သည်။

ဘဂ္ဂဒက်တောင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုမှာ မာမူဒီရာတွင် ကြာသပတေးနေ့ နံနက် ၁၁နာရီ ၃၀မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ထို့ပြင် အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထပ်မံပြောကြားသည်။

အဆိုပါ သေဆုံး၊ ဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဘဂ္ဂဒက်ဆေးရုံသို့ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်ကပြောကြားသည်။

ယင်းဖြစ်ရပ်မဖြစ်မီ ဘဂ္ဂဒက်မြို့အရှေ့ဘက်၌ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရကြောင်း အခြားသတင်းတစ်ရပ်က ဆိုသည်။

ထို့အတူ ယင်းနေ့နံနက် ၁၀နာရီခန့်က ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီးနောက် တစ်ဦးဒဏ်ရာရရှိသွားသည်။

အမ်အင်အေ၊ ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

သေနတ်သမားတို့ပစ်ခတ် အီရတ်ရေနံအရာရှိဒဏ်ရာရ

ကယ်ကွတ် ဧပြီ ၃၀

အီရတ်မြောက်ပိုင်းရှိရေနံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ပေးနေသော အီရတ် အရာရှိတစ်ဦးသည် အမည်မသိ သေနတ်သမားများ၏ လုပ်ကြံပစ်ခတ်မှုကြောင့် ကြာသပတေးနေ့၌ ဒဏ်ရာ ရရှိသွားသည်ဟု ရဲအဖွဲ့က ပြောကြားသည်။

ထို့ပြင် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် လုံခြုံရေးအစောင့် နှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ အီရတ်နိုင်ငံမြောက်ပိုင်း ဒေသသည် အီရတ်နိုင်ငံ၌ တည်ငြိမ်မှု မရှိဆုံးသော ဒေသဖြစ်ပြီး ထိုမြောက်ပိုင်းဒေသရှိ ရေနံအဆောက်အအုံများသည် ပုံမှန်ဖောက်ခွဲဖျက်ဆီးခြင်း ခံခဲ့ရသည်။

ကယ်ကွတ်မြို့သည် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ သိမ်းပိုက်မှုအောက်တွင်ရှိပြီး ရာဇဝတ်မှုနှင့် တိုက်ခိုက်မှုများ ပိုဖြစ်လာနေသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၃၀ ရက်က ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

နာဂျက်ဖ် ဧပြီ ၃၀

အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲများထပ်မံဖြစ်ပွားလာနိုင်သည့် မြို့သည် အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့ဖြစ်သည်။ ထိုမြို့တွင် စပိန်တပ်ဖွဲ့ဝင်များ အီရတ်မြေမှ ထွက်ခွာသွားပြီးနောက် ၎င်းတို့နေရာများကို အမေရိကန်တပ်ဖွဲ့များက တာဝန်ယူနေပြီး စစ်ဆေးရေးစခန်းများ၌ အမေရိကန်တို့ အခြေစိုက်နေထိုင်သည်မှာ ယနေ့ နှစ်ရက်မြောက် ရှိသွားပြီဖြစ်သည်။

တားဆီး

ယနေ့နံနက်ပိုင်း၌လည်း အီရတ်ခေါင်းဆောင်ဆာဒါ၏ အဖွဲ့များဟု သံသယရှိသော လက်နက်ကိုင်အဖွဲ့နှင့် စစ်ဆေးရေးစခန်းတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ကူဖာနှင့် နာဂျက်ဖ်မြို့အကြားရှိ စစ်ဆေးရေးစခန်းများ၌လည်း အမေရိကန်တို့ စခန်းချနေထိုင်ခဲ့ပြီး စခန်းအနီးဝန်းကျင်တွင် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ထားကြောင်းသိရသည်။

ဒဏ်ရာရ

ယခင်စပိန်တပ်ဖွဲ့များ စခန်းချခဲ့သောနေရာ၌ စခန်းချခဲ့ကြသော အမေရိကန်တို့သည် ဒုံးကျည်၊ လက်ပစ်ဗုံးများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရကာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။ ယနေ့နံနက်ပိုင်း၌လည်း နာဂျက်ဖ်မြို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ဆာဒါခေါင်းဆောင်သော တပ်ဖွဲ့များသည် ယင်းမြို့မှ ထွက်ခွာသွားမည် မဟုတ်ကြောင်းနှင့် ၎င်းတို့ကို ပြည်သူများက အားပေးထောက်ခံလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်အချို့ နေရပ်ပြန်ခွင့် တောင်းခံထား

ဆိုဖီယာ ဧပြီ ၂၉

အီရတ်နိုင်ငံတောင်ပိုင်း ကာဘာလာမြို့ရှိ အင်အား ၄၅၀ရှိသော ဘူဂေးရီးယားခြေမြန်တပ်မ မကြာခဏတိုက်ခိုက်ခြင်းခံနေရသဖြင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၂၀မှ ၂၅ဦးခန့်က နေရပ်သို့ပြန်ခွင့်ပြုပါရန် မေတ္တာရပ်ခံထားသည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

တပ်ဖွဲ့ဝင် ၁၀ဦးမှ ၁၅ဦးထိသည် ကာဘာလာမြို့လယ်၌ အခြေစိုက်ထားသော တပ်ဖွဲ့မှနေ၍ ၎င်းတို့အား တာဝန်လဲပေးရန် မေတ္တာရပ်ခံထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနပြောခွင့်ရှိ အမျိုးသမီးဂူမီယာနာစထဂူဂါရိဗာက ပြောကြားသည်။

မပါဝင်

အချို့မေတ္တာရပ်ခံတောင်းဆိုချက်များသည် ယခုထိတရားဝင်မဟုတ်သေးကြောင်း သူမကပြောဆိုသော်လည်း တိုက်ပွဲ၏ဖိစီးမှုဒဏ်ကြောင့် ဆိုဖီယာသို့ တနင်္လာနေ့တွင် ပြန်သွားသော တပ်ဖွဲ့ဝင်ရှစ်ဦးမပါဝင်ကြောင်း ဆက်လက်ပြောဆိုသည်။

တပ်ဖွဲ့ဝင်ရှစ်ဦးမှာ ပြန်သွားကြပြီးဖြစ်ပြီး ယခုအခါမိမိတို့သည် နောက်ထပ် တောင်းဆိုမှုများကို ရရှိနေကြောင်း စုစုပေါင်း ၂၀မှ ၂၅ဦးခန့်ရှိကြောင်း သူမက ပြောကြားသည်။

သေဆုံး

လွန်ခဲ့သည့်သီတင်းပတ်၌ ချုံခိုတိုက်ခိုက်ခံရပြီး ဘူဂေးရီးယားတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရာ ပြီးခဲ့သည့်အပတ်၌ စုစုပေါင်းသေဆုံးသည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင် ခြောက်ဦးထိ ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၃၀ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည့် အသက်(၁၂)နှစ်အရွယ် အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံတကာ ကော်ဇောပြပွဲ နီပေါကော်ဇောလုပ်ငန်းရှင်များ ပါဝင်ပြသမည်

ခတ္တမန္ဒူ ဧပြီ ၃၀

နီပေါကော်ဇော စီးပွားရေးလုပ်ငန်းရှင်များသည် ဇူလိုင် ၉ရက်မှ ၁၂ရက်အထိ တရုတ်ပြည်အနောက်မြောက်ပိုင်း ကျင်ဟိုင်ပြည်နယ်တွင် ကျင်းပပြုလုပ်မည့် ကျင်ဟိုင်တိဘက် နိုင်ငံတကာကော်ဇောပြပွဲတွင် ၎င်းတို့၏ ထုတ်ကုန်များကို ပြသမည်ဖြစ်သည်။

ပြပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် နိုင်ငံသစ်များထံ နီပေါကော်ဇောတင်ပို့မှုအတွက် လမ်းပွင့်သွားမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနေးကွေးနေမှုကြောင့် ကြီးမားစွာခံစားနေရသော နီပေါကော်ဇောစက်မှုလုပ်ငန်းကို အဓိကမြှင့်တင်လာနိုင်မည်ဖြစ်သည်။

စက်မှု၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေး ဝန်ကြီးဌာနအတွင်းဝန် မက်ဟုဆူဒန်ပိုဒီးလ်၏ပြောကြားချက်ကို ခတ္တမန္ဒူပို့စ်သတင်းစာက ကြာသပတေးနေ့တွင် ကိုးကားဖော်ပြသည်။

ကျင်းပမည့်ဆဲဆဲရှိ တရုတ်ပြပွဲသည် မရင်းနှီးသေးသောနိုင်ငံခြားဈေးကွက်ကို စိမ့်ဝင်ထိုးဖောက်ပြီး ကမ္ဘာလုံးဆိုင်ရာ တင်ပို့သူများနှင့် ဝယ်ယူသူများအကြား ၎င်းတို့၏ ထုတ်ကုန်ကို ဖော်ပြနိုင်ရန် နီပေါကော်ဇောထုတ်လုပ်သူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်မည် ဖြစ်ကြောင်း ပိုဒီးလ်ကပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်တို့ကို အုပ်ချုပ်ရေး အမြန်ပြန်လွှဲပြောင်းပေးရန် ပြင်သစ်သမ္မတ ဂျက်ရှီရက် တိုက်တွန်းပြောကြား

ပါရီ မေ ၁၀

ကုလသမဂ္ဂက ချမှတ်ပေးသော အခြေခံမူဘောင်အတွင်း အီရတ်သို့ အချုပ်အခြာအာဏာမြန်မြန်ထက်ထက်နှင့် မှန်မှန်ကန်ကန် ပြန်လွှဲပြောင်းပေးရန် ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကြာသပတေးနေ့၌ တိုက်တွန်းလိုက်သည်။

ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်းယူရန်ရှိသော အီရတ်ကြားဖြတ်အစိုးရအနေဖြင့် အမေရိကန်ဦးဆောင်သော လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လွတ်လပ်မှုရှိစေရန်အတွက် အချုပ်အခြာအာဏာအချို့ကို စွန့်လွှတ်ရရန် ရှိသည်ဟု ယခုသီတင်းပတ် အစောပိုင်း တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ပြောကြားခဲ့ပြီးနောက် ပြင်သစ်သမ္မတ၏ဝေဖန်ချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ယနေ့အီရတ်တို့ကို အချုပ်အခြာအာဏာပြန်ပေးရေးသည် အရေးကြီးကြောင်း ဥရောပသမဂ္ဂနှင့် အခြားပြဿနာများနှင့်စပ်လျဉ်း၍ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ သမ္မတရှီရက်က ပြောကြားခြင်းဖြစ်သည်။

ပြောကြား

ကုလသမဂ္ဂ၏ ထိရောက်မှုရှိသော ထိန်းချုပ်မှုအောက်တွင် အချုပ်အခြာအာဏာကိုမှန်မှန်ကန်ကန် လွှဲပြောင်းပေးခြင်းမရှိဘဲ အီရတ် ပြန်လည်တည်ဆောက်ရေးကိုဖြစ်စေမည့် ဆုံးဖြတ်ချက်မရှိကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်ဦးဆောင်သော သိမ်းပိုက်မှုအဆုံးသတ်ချိန်တွင် အီရတ်ပြည်သူများသို့ အုပ်ချုပ်ရေးလွှဲပြောင်းမှု အာမခံချက်ဖြစ်စေမည့် ဆုံးဖြတ်ချက်ကိုချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တောင်းဆိုချက်များကို ပြင်သစ်နိုင်ငံက ထောက်ခံထားသည်။ ရှီရက်သည် ကြာသပတေးနေ့ ညပိုင်းတွင် စပိန်ဝန်ကြီးချုပ်နှင့် ပါရီတွင် တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်ရှိသည်။ ခေါင်းဆောင်နှစ်ဦးသည် ဖြစ်နိုင်ဖွယ် ဆုံးဖြတ်ချက်တစ်ရပ်ကို ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ရိုက်တာ

မေ ၁၀ ရက်က ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာ၌ တောင်အာဖရိကနိုင်ငံသားတစ်ဦး ကားပေါ်မှ သေနတ်ဖြင့် ပစ်ခတ်၍ သေဆုံး

ဘာဆာရာ(အီရတ်) မေ ၁၀

တောင်အာဖရိကနိုင်ငံသား တစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၌ ကားမောင်းလျက် သေနတ်သမားများက ကြာသပတေးနေ့တွင် သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ၍ သေဆုံးသွားကြောင်း ဗြိတိသျှ စစ်ဘက် ပြောခွင့်ရ ပုဂ္ဂိုလ်ကပြောကြားသည်။

သေနတ်ဖြင့်ပစ်ခတ်ခံရသည့် တောင်အာဖရိကနိုင်ငံသားသည် ဘာဆာရာမြို့လယ်ရှိ တောင်ပိုင်းရေနံကုမ္ပဏီရုံးအနီး၌ သေနတ်ဖြင့်ပစ်ခတ်ခံရခြင်း ဖြစ်ကြောင်း ကားထဲမှ အခြားတစ်ဦးမှာဒဏ်ရာမရကြောင်း ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုသည်။

မျက်မြင်သက်သေများက ကားတစ်စီးအတွင်း လိုက်ပါလာသည့် သေနတ်သမားများက အခြားကားတစ်စီးအား သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် အဆိုပါလူသေဆုံးပြီး ကားမှာ အုတ်နံရံတစ်ခုကိုဝင်တိုက်ကာ ပျက်စီးသွားခဲ့သည်ဟု ဆိုသည်။

အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ အမေရိကန်ဦးဆောင်တပ်များက ပြောက်ကျားတို့အား တိုက်ခိုက်နှိမ်နင်းနေချိန်တွင် အီရတ်နိုင်ငံတစ်ဝန်း၌ နိုင်ငံခြားသားများအား တိုက်ခိုက်နေမှုများ မြင့်တက်များပြားလာလျက်ရှိသည်။

လွန်ခဲ့သောသီတင်းပတ်က တောင်အာဖရိက လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်မြို့ဈေးကြီးတစ်ဈေးအတွင်း၌ သေနတ်ဖြင့် ပစ်သတ်ခြင်းခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက် အင်အားပြင်းထန်သော ဗုံးများကြဲချသဖြင့် ပေါက်ကွဲမှုများ တုန်ဟည်းနေ

ဘဂ္ဂဒက် မေ ၁၀

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ဝိုင်းရံထားသော ဖော်လူဂျာမြို့မှ ပြန်ရုပ်သိမ်းရန် အမေရိကန်တပ်မှူး တစ်ဦးက ကြေညာခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြ သည်။

မေ ၁၀ ရက်က ဖော်လူဂျာမြို့၌ ဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်များ အကာအကွယ်ယူ၍ ကြည့်ရှုနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များက ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုများနှင့် ပစ်ခတ်တိုက်ခိုက်သံများကို ဖော်လူဂျာမြို့တစ်ခွင်တွင် တုန်ဟည်းမည်ဟိန်းနေကြောင်း မျက်မြင်တွေ့ရှိ ကြားသိရသူများကပြောကြားသည်။

ကြဲချ

အမေရိကန်တပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့်သုံးရက်ကလည်း အင်အားပြင်းထန်သောဗုံးများကို ဖော်လူဂျာမြို့ပေါ်သို့ ကြဲချခဲ့ကြောင်းသိရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့မှ ရုပ်သိမ်းတော့မည်ဖြစ်ပြီး သောကြာနေ့တွင် စတင်ရုပ်သိမ်းမည်ဖြစ်သည်။

ထို့ပြင် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များသာ ဖော်လူဂျာမြို့တွင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးက ကြာသပတေးနေ့စောစောပိုင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တွင် ကုလသမဂ္ဂအခန်းကဏ္ဍ တိကျရှင်းလင်းရန်လို ဒတ်ချ်ဝန်ကြီးချုပ် ဂျန်ပီတာဘော်လ်ကန်ညင်ဒီ ပြောကြား

ပါရီ မေ ၁၀

ကုလသမဂ္ဂ၏အခန်းကဏ္ဍသည် တိကျရှင်းလင်းသော အခန်းကဏ္ဍဖြစ်ရန် လိုကြောင်း၊ သို့မှသာ အီရတ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် လုပ်ငန်းများကို အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် ဆွေးနွေးအပြီး၌ ဒတ်ချ်ဝန်ကြီးချုပ် ဂျန်ပီတာဘော်လ်ကန်ညင်ဒီက ဗုဒ္ဓဟူးနေ့၌ ပါရီမြို့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ အနေဖြင့် ကဏ္ဍတစ်ခုပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း မိမိတို့ သဘောပေါက်သည်ဟု ဘော်လ်ကန်ညင်ဒီက ပြောကြားသည်။

ဇွန် ၃၀ ရက်၌ အီရတ်တို့အား အုပ်ချုပ်ရေး လွှဲပြောင်းမှုကို ထောက်ခံမည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ထိုဆုံးဖြတ်ချက်ကိစ္စကို အသေးစိတ်မဆွေးနွေးကြောင်း ဒတ်ချ်ဝန်ကြီးချုပ်က ပြောကြားသည်။

သဘောတူ

သို့ရာတွင် အကယ်၍ ကုလသမဂ္ဂက အီရတ်၌ပါဝင်ဆောင်ရွက်ရမည်ဆိုလျှင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် ရှင်းရှင်းလင်းလင်းဖြစ်ရန်လိုအပ်သည်မှာ ရှင်းကြောင်း၊ ထိုကိစ္စတွင် မိမိနှင့် ရှီရက်သဘောဆန္ဒချင်းတူကြောင်း ၎င်းက ပြောကြားသည်။

ကူညီ

အုပ်ချုပ်ရေး လွှဲပြောင်းမှုကို ထောက်ခံမည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ဝါရှင်တန်က လိုလားပြီး အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့သို့ တပ်ဖွဲ့ဝင်များ ထည့်ဝင်ရန် နောက်ထပ်နိုင်ငံများကို ကူညီအားပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မှတ်ဉာဏ်ချို့ယွင်းသော ဝေဒနာရှင်များအတွက် နေအိမ်ကိုလမ်းညွှန်နိုင်ရန် လမ်းပြခွေးများလေ့ကျင့်ပေး

လန်ဒန် မေ ၁၀

ကမ္ဘာပေါ်တွင် မျက်မမြင်များအတွက် လမ်းပြခွေးများ လေ့ကျင့်မွေးမြူပေးလာကြပြီးသည့်နောက် ယခုအခါတွင် အယ်လ်ဇိုင်းမားခေါ် မကြာခဏ မှတ်ဉာဏ်ချို့ယွင်းသော ရောဂါဝေဒနာရှင်များအတွက် လမ်းပြခွေးကိုပါ လေ့ကျင့်ပေးလာပြန်ပြီဖြစ်သည်။ ဘယ်လာအမည်ရှိ ခွေးလေးသည် အယ်လ်ဇိုင်းမား ဝေဒနာရှင်အား လမ်းပြပေးရန် ပထမဆုံးလေ့ကျင့်သင်ကြားပေးထားသော ခွေးလေးဖြစ်ပြီး စမ်းသပ်လေ့ကျင့်ခိုင်းစေမှု အခြေအနေအလားအလာ ကောင်းမွန်လျက်ရှိသည်။ ဘယ်လာသည် လမ်းပျောက်ပြီး ဘယ်ရောက်၍ ရောက်နေမှန်းမသိသည့် အယ်ဇိုင်းမားဝေဒနာရှင်က အိမ်ဟုပြောလိုက်သည်နှင့် အိမ်အရောက်လမ်းပြခေါ်ဆောင်သွားပြီး အိမ်ကိုရောက်လျှင် ဟောင်သံပေးပြီး အချက်ပြမည်ဖြစ်သည်။

ဘယ်လာပျောက်နေလျှင် သို့မဟုတ် အမိန့်ပေး၍ မရနိုင်လျှင် ဘယ်လာ၌ တပ်ဆင်ထားသော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ရှာဖွေဆက်သွယ်နိုင်သည်။ အဆိုပါစနစ်မှ တယ်လီဖုန်းအချက်ပြမှုကို ဘယ်လာကရရှိပြီး သခင်အိမ်အရောက် ပို့ပေးနိုင်မည်ဖြစ်သည်။ ဘယ်လာကဲ့သို့ အယ်လ်ဇိုင်းမား လမ်းပြခွေးတစ်ကောင်ကို လေ့ကျင့်ပေးမည်ဆိုပါက မျက်မမြင်လမ်းပြခွေးထက် ၂၅ ရာခိုင်နှုန်း ပိုကုန်ကျပြီး ယူရိုငွေ ၁၃၀၀၀ ဝန်းကျင်ခန့် ကုန်ကျဖွယ်ရှိကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

2-5 (05).p65 1 03/24/1905, 6:09 PM

ဒုံးကျည်ထိမှန်

မေ ၃၀ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်၍ ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲစချိန်မှသေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၇၃၂ ဦးရှိပြီ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၈၆၄ ဦးရှိ သေဆုံးသူကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၈၃၁ ဦးဖြစ်

ဝါရှင်တန် ဧပြီ ၃၀

၂၀၀၄ ခုနှစ် ဧပြီ ၃၀ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၇၃၂ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းသေဆုံးမှု အရေအတွက်တွင် ၅၃၀မှာ တိုက်ပွဲ၌သေဆုံးပြီး ၂၀၂ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟုဆိုသည်။

မေ ၁ရက်၌ အီရတ်တွင် အဓိကထိုးစစ်ကြီး ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့သည်။ ထိုမေ ၁ရက်မှ စပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၉၄ဦးဖြစ်သည်။ ယင်းအနက် ၄၂၁ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၇၃ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးသည်ဟု သိရသည်။ အီရတ်ကို စစ်ဆင်ရေးစတင်ခဲ့သည်မှစပြီး အီရတ်၌ ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၈၆၄ ဦးဖြစ်သည်။

အီရတ်တွင် သေဆုံးသော အခြားအမေရိကန်၏ အပေါင်းပါတပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ယူကရိန်း လေးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် ပိုလန်တို့ တစ်ဦးစီဖြစ်ရာ စုစုပေါင်း ၉၉ ဦးဖြစ်သည်။

အီရတ်စစ်ပွဲ စတင်ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေနှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဦးရေ စုစုပေါင်းသည် ၈၃၁ ဦးဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

၂၀၀၄ ခုနှစ် ဧပြီလတွင် ကန်တပ်ဖွဲ့ဝင် ၁၃၂ ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်နိုင်ငံ၌ ယခုဧပြီလအတွင်း သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၃၂ဦးရှိသွားပြီဖြစ်ရာ ယမန်နှစ်က စစ်ပွဲကာလအတွင်း သေဆုံးသော တပ်ဖွဲ့ဝင်ဦးရေထက် ကျော်လွန်သွားပြီဖြစ်သည့်အပြင် တစ်လအတွင်း အသေအပျောက် အများဆုံးလလည်းဖြစ်ခဲ့သည်။ ယမန်နှစ် မေလ ၁ရက်က အီရတ်တွင် အဓိကစစ်ပွဲကြီးများ ပြီးဆုံးကြောင်း ကြေညာခဲ့ချိန်က အီရတ်နိုင်ငံတစ်ဝန်းတိုးတက်မှုများ ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း ဆုံးရှုံးမှုများသာ ရင်ဆိုင်ကြရပြီး ယခုဧပြီလ တစ်လလုံးသည် အမေရိကန်တပ်ဖွဲ့များအတွက် အခက်ကြုံနေရသော ရက်များသာဖြစ်ခဲ့သည်။

ဧပြီလ ၁ရက်၌ ဖော်လူဂျာမြို့တွင် အမေရိကန်လုံခြုံရေး ဝန်ထမ်း လေးဦး သတ်ဖြတ်ခံခဲ့ရရာ ထိုသတ်ဖြတ်မှုကြောင့် နောက်ဆက်တွဲ ပဋိပက္ခများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဖော်လူဂျာမြို့တွင်သာမက တောင်ပိုင်းမြို့များနှင့် ဘဂ္ဂဒက်မြို့တို့၌လည်း အမေရိကန်တို့သည် နေ့စဉ်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က ဆာဒါစီးတီးတွင် အမေရိကန် တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ရာမာဒီ၌ ၁၂ဦး သေဆုံးခဲ့ရ သကဲ့သို့ စစ်ပွဲကြောင့် အပြစ်မဲ့ပြည်သူ များစွာလည်း သေဆုံးခဲ့ရသည်။

(စီအင်န်အင်န်)

ဖော်လူဂျာ၌ တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာလျက်ရှိ နိုင်ငံရေးအရဖြေရှင်းရန် ကန်နှင့် အပေါင်းပါတို့ကို ပိုမိုဖိအားပေး

ဖော်လူဂျာ ဧပြီ ၂၉

အီရတ်နိုင်ငံ ဖော်လူဂျာမြို့၌ တိုက်ခိုက်မှုများ ဗုဒ္ဓဟူးနေ့က ပိုမိုပြင်းထန်လာလျက်ရှိရာ နိုင်ငံရေးနည်းအရ ဖြေရှင်းခြင်းဖြင့် ပဋိပက္ခများ အဆုံးသတ်ရန် အမေရိကန်နှင့်အပေါင်းပါတို့အား ဖိအားပေးမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကို လေကြောင်းနှင့် မြေပြင်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေသော်လည်း စေ့စပ်ညှိနှိုင်းဖြေရှင်းလိုကြောင်းသာ ၎င်းတို့က ပြောကြားလျက်ရှိသည်။

ဖော်လူဂျာမြို့သည် ယခင်အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်ကို ထောက်ခံသူအများစုနေထိုင်ရာ အမာခံမြို့တစ်မြို့ဖြစ်သည်။

အမေရိကန်သမ္မတဘုရှ်သည် ၎င်းတို့၏ နည်းဗျူဟာအတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့်ကြားကပင် ၎င်းတို့တပ်မှူးများအား ဖော်လူဂျာမြို့ လုံခြုံရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်တို့၏ အဓိကအပေါင်းပါ ဗြိတိန်သည်လည်း အီရတ်အပေါ်ထားရှိသည့်မူဝါဒနှင့်ပတ်သက်ပြီး ဝေဖန်ပြောကြားခြင်းခံရလျက်ရှိရာ ဖော်လူဂျာမြို့၌ အမေရိကန်တို့ တိုက်ခိုက်နေမှုနှင့် ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ကာကွယ်ပြောကြားနေရသည်။ လက်နက်ကိုင်များနှင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ လွန်ခဲ့သည့် သီတင်းသုံးပတ်ကစပြီး တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားနေခဲ့ရာ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များလက်ချက်ကြောင့် ဒေသခံ ရာနှင့်ချီ သေဆုံးခဲ့ရသည်။

(စီစီတီဗွီ)

ကင်းလှည့် အမေရိကန်တပ်ဖွဲ့အနီး ဗုံးပေါက်ကွဲ ကန်တို့သေကျေဒဏ်ရာရပြီး အီရတ်တစ်ဦးသေဆုံး

ဘာကူဘာ(အီရတ်) ဧပြီ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်၌ ကြာသပတေးနေ့က အမေရိကန်ကင်းလှည့်တပ်ဖွဲ့အနီး ဗုံးတစ်လုံး ပေါက်ကွဲခဲ့သဖြင့် အီရတ်အရပ်သားတစ်ဦး သေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်များလည်း သေကျေ ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။

ဘဂ္ဂဒက်မြောက်ဘက်မိုင်၄၀ အကွာရှိ ဘာကူဘာမြို့၌ ပေါက်ကွဲမှုတွင် အခြားအီရတ်အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရပ်ကွက်က ပြောသည်။

အီရတ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခဲ့သည့် လွန်ခဲ့သော ၁၃လတိုက်ပွဲ၌ သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၅၂၀ကျော် ရှိနေပြီဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဘာဆာရာမြို့ ဗုံးပေါက်ကွဲမှုများ စနစ်တကျ စီစဉ်ထားခြင်းဖြစ်

ဘာဆာရာ ဧပြီ ၃၀

တည်ငြိမ်မှုရှိသော ဘာဆာရာမြို့၌ပင် စနစ်တကျအကွက်ချစီစဉ်ထားသော အသေခံဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်မှူးများ အနေဖြင့် အီရတ်အရေးကို ဖြေရှင်းရန်တပ်ဖွဲ့အင်အားများစွာ လိုအပ်နေကြောင်းနှင့် အိမ်သို့ပြန်ခွင့်ရထားသော တပ်ဖွဲ့ဝင်များကို ပြန်ခွင့်မပြု နိုင်သေးဘဲရှိနေသည်။ ထို့အပြင် ယခုလအတွင်း ဂျပန်၊ ကိုရီးယား၊ ရုရှားပြင်သစ်လူမျိုးတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးမှုများ ပေါ်ပေါက်ခဲ့ရုံသာမက အမေရိကန်နှင့် အပေါင်းပါဖြစ်သော စပိန်က အီရတ်ရှိ ၎င်း၏ တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူခဲ့သည့်နည်းတူ အခြားနိုင်ငံများကလည်း ခေါ်ယူရန် ပြန်လည်ပြင်ဆင်လျက်ရှိသည်။

(စီအင်န်အင်န်)

အီရတ်နိုင်ငံတစ်ဝန်းဖြစ်ပွားနေသော တိုက်ခိုက်မှုများ အပြစ်မဲ့ပြည်သူတို့ကို မတိုက်ခိုက်ရန် ကိုဖီအာနန်ပြောကြား

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်နိုင်ငံဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝိုင်းရံပိတ်ဆို့မှုပြုလုပ်သည်မှာ သီတင်းပတ်သုံးပတ်မြောက်ကာလအတွင်း အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်တို့ ပြီးခဲ့သည့်ရက်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများသည် အပြင်းထန်ဆုံး တိုက်ပွဲတစ်ခုဖြစ်သည်။ ဤအတောအတွင်း မြို့ကိုစွန့်ခွာထွက်ပြေးသွားကြသော အီရတ်တို့သည် မြို့တွင်းသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးစားနေကြပြီး အိမ်သို့ဝင်ခွင့်မရသည့်အတွက် လမ်းမများပေါ်တွင် အစားရေစာပြတ်လပ်ကာ ဆင်းရဲဒုက္ခရောက်နေကြကြောင်း အီရတ်တို့က ပြောကြားခဲ့ကြသည်။

အမေရိကန်တို့က ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုကြောင့်လည်း မြို့တွင်းရှိ လူနေအိမ်များပျက်စီးခဲ့သည်။ လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများသည် အီရတ်ကြားဖြတ်အစိုးရ တစ်ရပ်ထံ အချုပ်အခြာအာဏာလွှဲပြောင်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။ အီရတ်နိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး ကုလသမဂ္ဂရုံးချုပ်တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အပြစ်မဲ့ အီရတ်ပြည်သူများကို စစ်ရေးအရ တိုက်ခိုက်မှုမပြုရန် ဖိအားပေးပြောကြားခဲ့သည်။

ဤအတောအတွင်း ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ကားဗုံးထောင်ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့မှုအပါအဝင် သီးခြားစီတိုက်ခိုက်ခံရမှုတွင် စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးသွားခဲ့ခြင်းကြောင့် အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အီရတ်သို့ တပ်ဖွဲ့ဝင်များနှင့် လက်နက်ပစ္စည်း ကိရိယာများကို ထပ်မံပေးပို့နေပြီ ဖြစ်ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့မှ ရုပ်သိမ်းထွက်ခွာသွားကြရန် ပြင်ဆင်နေကြကြောင်း သိရသည်။

(စီအင်န်အင်န်)

မေ ၃၀ရက်က အီရတ်နိုင်ငံ ကူဖာမြို့အရှေ့ဘက် မော်တော်ယာဉ်သွားလာမှုထိန်းချုပ်ရေးစခန်းအနီး ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရန် ချိန်ရွယ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



သစ္စာလေးပါးတရားတော် ဟောကြားမည်

ရန်ကုန် မေ ၁

ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဗုဒ္ဓဓမ္မဗိမာန်တော်ဓမ္မာရုံကြီးတွင် မေ ၁၀ ရက်မှ ၁၇ ရက်အထိ နေ့စဉ်ညနေ ၆နာရီမှစ၍ တောင်ဥက္ကလာပ ရွှေမြင့်မိုရ်ကျောင်း ပဓာနနာယက ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်)သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေ သွန်းလောင်းမည်

ရန်ကုန် မေ ၁

နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာစည် သာသနာ့ရိပ်သာကြီး အတွင်းရှိ မဟာဗောဓိပင်ကို ကဆုန်လပြည့်နေ့ (မေ ၃ ရက်) နံနက် ၇ နာရီတွင် ဩဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ (ချမ်းမြအောင်စည်) ဆရာတော်အမှူးပြုသော နာယက ဆရာတော်ကြီး ခုနစ်ပါး ဦးဆောင်၍ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့နှင့်ယောဂီသူတော်စင်အပေါင်းတို့က ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဍ္ဍိမဂုဏ်ရည် ဆရာတော်တရားပွဲ

ရန်ကုန် မေ ၁

ရန်ကုန်မြို့ သာကေတမြို့နယ် မဍ္ဍိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် ဒေါက်တာအရှင်ကောဝိဒသည် မေ ၃ ရက် (ကဆုန်လပြည့်နေ့) ညတွင် သာကေတ မြို့နယ် (၅)ရပ်ကွက် သံဃိကလမ်းရှိ သာသနာ့ရက္ခိတဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားတွင် အဆောက်အအုံသစ် ပုံစံငယ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ဌာနဆိုင်ရာအကြီးအကဲများ၊မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌဒေါက်တာ စိန်မြင့်က လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံဆောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အဆောက်အအုံပုံစံငယ်နှင့် ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ပထမပိုင်းကို ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကျင်းပမည့်နေရာ၌ ပြုလုပ်ရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်တို့သည် သက်ဆိုင်ရာနေရာများ၌ အသီးသီးနေရာယူကြသည်။

ထို့နောက် မင်္ဂလာအခါတော်ပေးဦးကျော်က မော်ကွန်းကမ္ပည်း ကြေးပြားတော်ကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်တော်အလယ်ဗဟို၌ နဝရတ်ကိုးပါးငွေကြုတ်ကို မြှုပ်နှံပေးသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဆောင်လျက် ရတနာအုတ်များကို ပြိုင်တူစီပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အုတ်မြစ်တော်အလယ်ဗဟို၌ နဝရတ်ကိုးပါး ငွေကြုတ်ပေါ်တွင် မော်ကွန်းကမ္ပည်းကြေးပြားကို ဖုံးအုပ်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂)၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌတို့က ရတနာအုတ်မြစ်တော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းဖြိုးပေးသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)ရှိ Conference Hall ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေ အတွင်းရေးမှူး ဦးသန်းမြင့်က မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံသစ်တွင် ပါဝင်မည့် အခန်းဖွဲ့စည်းပုံများနှင့် အဆောက်အအုံဆောက်လုပ်ရေးအတွက် အလှူငွေများရရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်သန်လှုပ်ရှား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးမှာ ၁၉၁၆ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့ပြီးလွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကျော်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုပွဲတော်ကာလမှစတင်ပြီး အသင်းကြီးကို ပြန်လည်ဖွဲ့စည်းပြီး အသင်း၏လုပ်ငန်းများရှင်သန်လှုပ်ရှားလာစေရန် အားပေးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးတွင် အင်ဂျင်နီယာအတတ်ပညာရှင်မျိုးစုံ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့ကြသည့် အင်ဂျင်နီယာကြီးများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲအပါအဝင် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင် များစွာတို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိသည့် စွမ်းအားစုကြီး တစ်ခုအဖြစ် ပီပီပြင်ပြင် ပေါ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့်ပြန်လည်လှုပ်ရှားနိုင်သည်နှင့်အညီ ၂၀၀၁ခုနှစ် အာဆီယံနိုင်ငံများဆိုင်ရာ စွမ်းအင်ချွေတာဆု၊ ၂၀၀၂ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသော CAFEO (20) တွင်ဆည်မြောင်းတာတမံတည်ဆောက်ရေးအတွက် ASEAN Engineer Outstanding Award ဆု၊ ၂၀၀၃ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် CAFEO (21)တွင် တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်သည့် ASEAN Engineer Outstanding Award ဆုနှစ်ခု ဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

အမျိုးသားစွမ်းအားစု

အသင်းဝင်များတွင် ဝန်ကြီးဌာန ၂၂ခုနှင့်စည်ပင်သာယာရေးကော်မတီတို့မှ အင်ဂျင်နီယာအတတ်ပညာရှင်များ ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးတွင် အဓိကအားထားရသည့် အမျိုးသားစွမ်းအားစု တစ်ရပ်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်း၊ တံတား၊ ဆည်မြောင်းတာတမံများနှင့်အထပ်မြင့် အဆောက်အအုံများစွာတို့ကို မြန်မာအင်ဂျင်နီယာများက မိမိတို့အတတ်ပညာစွမ်း ကားဖြင့်ခံ့ညားထည်ဝါစွာ တည်ဆောက်ပေးလျက်ရှိကြောင်း။

အထောက်အကူပြု

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ စွမ်းပကားများကို ပိုမိုတိုးတက်မြင့်မားလာရေး၊ ပိုမိုရှင်သန်အောင်မြင်မှုရရှိရေးအတွက် ယခင်ကကဲ့သို့ပင် ဆက်လက်အထောက်အကူပြုပေးသွားမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဝင်များအနေဖြင့် မိမိတို့၏အတတ်ပညာ၊ အတွေ့အကြုံများဆက်လက်တိုးပွားဖြစ်ထွန်းစေပြီး မိမိတို့နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ မြန်မာနိုင်ငံအင်ဂျင်နီယာ အဆောက်အအုံသစ်ကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံအနီးရှိ မြေဧရိယာ တစ်ဧကပေါ်၌ ငါးထပ်မြင့် အဆောက်အအုံတည်ဆောက်သွားမည်ဖြစ်သည်။ မြေညီထပ်တွင် ပင်မအဝင်ခန်းမ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးခန်းမ၊ ပထမထပ်တွင် အစည်းအဝေးခန်းမ ၁ နှင့် ၂ အသင်းဥက္ကဋ္ဌရုံးခန်း၊ အထူးဧည့်သည်ခန်း၊ ဒုတိယဥက္ကဋ္ဌရုံးခန်း၊ အစည်းအဝေးခန်း၊ ဒုတိယထပ်တွင် သင်တန်းခန်းမအမှတ်(၁)နှင့် အမှတ်(၂)၊ သင်တန်းအစည်းအဝေးခန်းမ၊ အင်တာနက်ခန်းမ၊ စာကြည့်တိုက်၊ တတိယထပ်တွင် အထွေထွေ အစည်းအဝေးခန်းမဆောင်၊ လုပ်ငန်း ကော်မတီရုံးခန်းအမှတ် (၁)၊ အမှတ် (၂)နှင့်အမှတ်(၃)၊ စတုတ္ထထပ်တွင် အပန်းဖြေခန်းမအမှတ်(၁)နှင့်အမှတ်(၂)၊ ကျန်းမာရေးလေ့ကျင့်ခန်း၊ အင်တာနက်ခန်းမတို့ပါဝင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)
၂-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ပထမပိုင်း)
- ၈:၀၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၁၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Say it in English
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၈)
- ၁၂:၁၅ ၅။ အန္တရာယ်ကင်းဝေး ဘေးကင်းရေး ကျန်းမာရေးဖြစ်အသိပေး
- ၁၂:၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"သူ့အတွက်သာ"** (ရဲအောင်၊ ပိုင်ဖေရဲထွန်း၊ မေသဥ္ဇာဦး၊ ယမင်းကိုကို) (ဒါရိုက်တာ-သန်းဖေလေး)
- ၁၄:၃၀ ၇။ ဂမုန်းရေလှောင်တမံ
- ၁၄:၄၅ ၈။ International News
- ၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use.
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၄၀ ၈။ ကဆုန်လပြည့်နေ့တေးများ
- ၁၇:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၈)
- ၁၉:၃၀ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၁၉:၄၀ ၁၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"နွယ်လိုတွယ်သောကြိုး"** (အပိုင်း-၂) (လွင်မိုး၊ နန္ဒာလှိုင်) [ဒါရိုက်တာကိုဇော်(အရဏ်ဦး)]
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ ၂၀၀၄ခုနှစ်ခရိုင်အဆင့် ရဲတပ်ဖွဲ့ဝင်များ စံပြရဲ၊ ရဲကျင့်ဝတ် အရည်အချင်းစစ် စာမေးပွဲကို မေ ၁ ရက် နံနက် ၈ နာရီတွင် လသာ အထက(၁)၌ ကျင်းပရာ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြင့် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကော်မတီဖွဲ့စည်းတာဝန်ပေးထား

မြန်မာနိုင်ငံ၏တန်ဖိုးမဖြတ်နိုင်သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစီးဌာနတစ်ခုဖွဲ့စည်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေး ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနတစ်ခု ဖွဲ့စည်းလျက် ဆောင်ရွက်စေလျက်ရှိကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်နီးနွှယ်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

အလေးထားဆောင်ရွက်နေ

ယနေ့အချိန်အခါသည် နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားလှုပ်ရှားဆောင်ရွက်နေကြသည့် အချိန်ကာလလည်းဖြစ်ကြောင်း။

ယင်းသို့သော အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏တန်ဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ပိုမိုအလေးထားထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်လိုအပ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပင်ကိုသဘာဝ မပျက်မယွင်းသေးသည့် ရေမြေသယံဇာတ၊ သဘာဝပတ်ဝန်းကျင်ကောင်းများ များစွာရှိနေကြောင်း။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် သစ်တောနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် ဥရုချောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေး လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ကောင်းပိုင်ဆိုင်ထား

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့ အပါအဝင်မြန်မာနိုင်ငံတစ်ဝန်းလုံးကို ဖြတ်သန်းစီးဆင်းနေသည့် မြစ်ကြီးများ၊ နိုင်ငံတော်တစ်နံတစ်လျားဖြတ်လျက် တောင်မြောက်သွယ်တန်းတည်ရှိနေသည့် တောင်တန်းကြီးများ၊ တစ်နိုင်ငံလုံးကိုလွှမ်းခြုံပေါက်ရောက်နေသည့် အဖိုးမဖြတ်နိုင်သော သစ်မျိုးစုံပါဝင်သည့် သစ်တောကြီးများ စသည့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ထားကြောင်း။

ထို့အပြင် ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် တွင်းထွက်ကျောက်မျက်ရတနာများ၊ အဖိုးတန်သတ္တုသယံဇာတများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များစသည့်မြေပေါ်မြေအောက်သယံဇာတများဖြင့်လည်း များစွာကြွယ်ဝလှကြောင်း၊ လက်ရှိ အခြေအနေတွင် ရှာဖွေဖော်ထုတ်နိုင်ခြင်းမပြုရသေးသည့် အဖိုးထိုက်ဓာတ်သတ္တုများလည်း များစွာရှိနေသေးကြောင်း။

သယံဇာတများစွာရှိ

ထို့အပြင် မြန်မာ့ကမ်းလွန်ပင်လယ်ပြင်၌လည်း သဘာဝမပျက်မယွင်းသေးသည့် လူသူမရောက်ရှိသေးသော ကျွန်းစုများ၊ သဘာဝ မပျက်မယွင်းသေးသည့် သန္တာကျောက်တန်းများအပါအဝင် ရေအောက်သယံဇာတများ၊ သက်ရှိသက်မဲ့ရေပေါ် ရေအောက်သယံဇာတ များစွာတည်ရှိနေကြောင်း။

မြန်မာနိုင်ငံ မြောက်ဖျားတွင်လည်း ဟိမဝန္တာတောင်တန်းမှ သွယ်တန်းလာသည့် ဆီးနှင်းဖုံးတောင်တန်းကြီးများ ရှားရှားပါးပါးတည်ရှိနေကြောင်း။

စနစ်တကျစီမံ

ယင်းသို့ကြွယ်ဝလှသည့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်တို့မှာ လူတို့ဖျက်ဆီးမှ မဟုတ်ဘဲ သဘာဝအလျောက်ပျက်ယွင်းမှုများ (Natural Environmental Degradation)နှင့် လူသားတို့၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများ (Environmental Degradation due to Human Action) ဖြစ်ပေါ်တတ်သည့် သဘာဝရှိရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ (Environmental Protection and Conservation) ကို အစီအစဉ်ရှိရှိ စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သစ်ပင်များ စည်းကမ်းမဲ့ခုတ်လှဲမှုကြောင့် မြေလတ်ပိုင်းတွင် တောင်ကတုံးများဖြစ်ပေါ်လာပြီး မြေဆီခန်းခြောက်မှု၊ ရာသီဥတုပူနွေးခြောက်သွေ့မှုများဖြစ်ပေါ်လာခဲ့သဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကြီးကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်ခဲ့ရသည်လည်းရှိကြောင်း။

သဘာဝအတိုင်းဖြစ်လာ

နှစ်ပေါင်းရာချီလျက် စည်းကမ်းမဲ့သစ်ပင်ခုတ်လှဲမှုများကြောင့် ဖြစ်ပေါ်လာခဲ့သည့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကို ယခုကဲ့သို့ ခေတ်မီနည်းပညာများအသုံးပြုပြီး စနစ်တကျပြန်လည်ပြုပြင်ခဲ့သဖြင့် မြေဆီအစိုဓာတ်ရရှိမှု၊ မိုးရေချိန်ပိုသာမှု၊ သစ်ပင်များပြန်လည်စိမ်းလန်းလာမှု အကျိုးရလဒ်ကောင်းများရရှိလာခဲ့သော်လည်း ဆယ်စုနှစ်ပေါင်းများစွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှသာ သဘာဝအတိုင်း ပြန်ဖြစ်လာမည့်အခြေအနေဖြစ်ကြောင်း။

မြန်မာနိုင်ငံတောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အထရှိခဲ့ရာ တောင်ယာမီးရှို့ခြင်း၊ သစ်ပင်ခုတ်လှဲခြင်းများကြောင့် ရေမြေသဘာဝပျက်ယွင်းမှုများဖြစ်ပေါ်လာခဲ့သဖြင့် ကုန်းမြင့်လယ်ယာစနစ်ကို ဖော်ထုတ်အားပေးပြီး သဘာဝပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းစိုပြည်လာအောင်၊ သစ်တောများပြန်လည်လွှမ်းခြုံလာအောင် စီမံဆောင်ရွက်လျက်လည်းရှိနေကြောင်း။

စစ်ဆေးကြပ်မတ်

ထို့အတူ သတ္တုနှင့်ကျောက်မျက်ရတနာတူးဖော်မှု၊ ရွှေတူးဖော်မှုတို့ကြောင့် မြစ်ချောင်းများ မညစ်ညမ်းစေရေး၊ ရွံ့နုန်းများစွန့်ပစ်မှုကြောင့် မြစ်ချောင်းများသောင်ထွန်းမှု၊ တိမ်ကောမှုမဖြစ်ပေါ်စေရေးတို့အတွက်လည်း လိုအပ်သောကာကွယ်တားဆီးမှု၊ စောင့်ရှောက်ထိန်းသိမ်းမှုအစီအမံများ စနစ်တကျချမှတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

တားဆီးကာကွယ်

သဘာဝအလျောက်ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမှာ တဖြည်းဖြည်းချင်းဖြင့်ကြီးမားသည့်ပြဿနာ ဖြစ်လာတတ်သကဲ့သို့ လူသားတို့၏ပယောဂကြောင့် ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများမှာ ထုထည်ပမာဏကြီးမားစွာဖြင့် လျင်မြန်စွာပျက်စီးစေနိုင်သည့်အတွက် ယင်းသဘာဝပတ်ဝန်းကျင်ယိုယွင်းမှုများကို အလေးထားတားဆီးကာကွယ်ကြရန် လိုအပ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ရှိသူများ ပါဝင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့သည်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီအနေဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်လျက်တာဝန်များခွဲဝေသတ်မှတ်ပြီး စနစ်တကျစီမံဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ဟူးကောင်းတောင်ကြား သဘာဝကျားထိန်းသိမ်းရေး နယ်မြေသတ်မှတ်၍ ရှားပါးပြီး

ဂုဏ်ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် မေ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇဝန္တ(နယ်လှည့်သာသနာပြုဓမ္မကထိက)အရှင်မြတ်အား တပည့်ဒါယကာ ဒါယိကာမများက စုပေါင်း ဂုဏ်ပြုပူဇော်ပွဲကို မေ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဖော်ပြပါကျောင်းတိုက်၌ ကျင်းပရန် နိုးဆော်ဖိတ်ကြားထားပြီး ပါဝင်လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၇၀၀၇၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

မျိုးတုံးလုဖြစ်နေသည့် ကျားသတ္တဝါများ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ မြောက်ဖျားဒေသများရှိ ရေခဲပြင်၌ ကျက်စားသော တာကင်(ခေါ်)သားမင်းများ၊ တောင်ဆိတ်များ၊ ရှားပါးလှသည့် လိပ်ပြာမျိုးကွဲများ အပါအဝင်ရှားပါးလှသည့် သဘာဝ တိရစ္ဆာန်များ၊ သစ်ခွနှင့်သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

သဘာဝမပျက်ယွင်း

အလားတူပင် မြန်မာ့ပင်လယ်ပြင်၌ လည်းငါးမန်း၊ လင်းပိုင်၊ မိကျောင်း စသည့်ရှားပါးသည့် ရေပေါ်ရေအောက် သတ္တဝါများ၊ သန္တာကျောက်တန်းများ အပါအဝင် ရေပေါ်ရေအောက်သဘာဝ သယံဇာတများကို သဘာဝမပျက်မယွင်းစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပေးနေသည့်မြစ်ချောင်းများ၊ သစ်တောများကိုလည်း ပျက်စီးယိုယွင်းမှုမရှိစေရေး အတွက် အမြဲမပြတ် လေ့လာစူးစမ်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း။

ညှိနှိုင်းပေါင်းစပ်

သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ၏ လုပ်ငန်းတာဝန်များသည် ထုထည်ပမာဏ ကြီးမားလှသလို ကျယ်ပြန့်နက်ရှိုင်းလှသည့်အတွက် အမြဲမပြတ် ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ စုပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်း လူမှုရေး အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုကိုလည်း ရယူဆောင်ရွက်သွားကြရန် လိုကြောင်း။

အမျိုးသားရေးတာဝန်ဖြစ်

နိုင်ငံတော်၏ အဖိုးတန်သက်ရှိ သက်မဲ့သဘာဝသယံဇာတများယိုယွင်း ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေ ရေး၊ နိုင်ငံတော်၏ ရေမြေ သဘာဝ မြစ်ချောင်း တောင်တန်းနှင့်သစ်တောများ၊ ပင်လယ်ပြင်များအပါအဝင် သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မဖြစ်ပေါ်စေရေးတို့အတွက် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန် တစ်ရပ်အဖြစ် တက်ညီလက်ညီ အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ကချင်ပြည်နယ် ဖားကန့်ဒေသ ဥရုချောင်း ပတ်ဝန်းကျင် အခြေအနေ၊ ဥရုချောင်း လက်ရှိ ပတ်ဝန်းကျင် အခြေအနေများကြောင့် ဖြစ်ပေါ်နေမှု အခြေအနေနှင့် မြေသယံဇာတ၊ ရေသယံဇာတနှင့် သစ်တော သယံဇာတများ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများအား သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ဥရုချောင်း ရေကြောင်းအခြေအနေ လေ့လာတွေ့ရှိချက်၊ ရွှေနှင့် ကျောက်စိမ်း စည်းကမ်းမဲ့ တူးဖော်မှုများကြောင့် သဘာဝ ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု အခြေအနေနှင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး၊ စစ်ဆေးကြပ်မတ်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်မည့်လုပ်ငန်းများ

ယင်းနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောစိုက်ခင်းများတိုးချဲ့စိုက်ပျိုးခြင်း၊ တရားမဝင်သစ်ခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ တောမီးတားဆီးကာကွယ်ခြင်းအပါအဝင် သစ်တောကဏ္ဍမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အစီအမံများ

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မိမိတို့ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးတွင် သဘာဝ ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ဥယျာဉ်ကြီးအတွင်းရှားပါးသစ်ပင်၊ ပရဆေးပင်နှင့် ပန်းမန်မျိုးစုံစိုက်ပျိုး သာယာကြည်နူးဖွယ်အပန်းဖြေနိုင်သကဲ့သို့ လေ့လာဖွယ်ရာပြကွက်များပါဝင်ရေးဆောင်ရွက်

■ *အဆင့်မြှင့်မှု*

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တင်မှု လုပ်ငန်းတွင် Education Zone၊ Central Symbol Zone၊ Relaxation Zone နှင့် Recreation Zoneများခွဲခြား၍ အဆင့်မြှင့်တင် တည်ဆောက်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှု၊ ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က စိုက်ပျိုးရေးဆိုင်ရာ ပညာပေးပြကွက်ကိုးခု၊ စိုက်ပျိုးရေး ပြတိုက်နှင့်စိုက်ပျိုးရေးအရောင်းဆိုင်များ တည်ဆောက်ပြီးစီးမှု၊ ကန်တော်ကြီး ရေပြင်သန့်ရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီးဥယျာဉ်အတွင်း အဆင့်မြင့် စားသောက်ဆိုင်များတည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက Education Zone အတွင်း Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က Central Forest Zoneရှိ အဆင့်မြှင့်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် Water Fall တည်ဆောက်ခြင်းလုပ်ငန်း၊ Water Fountain တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၌ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှု၊ တိရစ္ဆာန်များ ဖြည့်ဆည်းနေမှု၊ ဝင်ငွေရရှိမှုနှင့် ပညာရှင်များနှင့်ညှိနှိုင်းကာ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

လုပ်ငန်းခြောက်ခု

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ကန်တော်ကြီး ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင်မှုလုပ်ငန်း၏ Relaxation Zone အပိုင်း(၁)တွင် လုပ်ငန်း၁၄ခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းခြောက်ခုတို့၏ လုပ်ငန်း အခြေအနေကိုလည်းကောင်း၊ အပိုင်း (၂)တွင် Timber Walk Wayတည်ဆောက်ခြင်း၊ ခေမာဒီပကျွန်းကူးတံတားတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် Conference Hall တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်တွင် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အရည်အသွေးစံချိန်စံညွှန်းမီစွာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးအစီရင်ခံခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရှင် Mr. John Inadaက ကန်တော်ကြီးဥယျာဉ် အဆင့်မြှင့်တင်မှုလုပ်ငန်းများတွင် မြေယာပြုပြင်မှုလုပ်ငန်း၊ မြက်ခင်းအလှပြုပြင်မှုလုပ်ငန်းများကို ခေတ်မီဒီဇိုင်းရေးဆွဲပြီး မြန်မာအင်ဂျင်နီယာပညာရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုအခြေအနေနှင့်လုပ်ငန်းတိုးတက် ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို မြေပုံ၊ သရုပ်ပြပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဒေါက်တာခင်ရွှေက Recreation Zone အတွင်း ပါဝင်သည့် အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိသားစုအလိုက်စားသောက်နိုင်သည့် စားသောက်ဥယျာဉ် (Berbecue Garden) တည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော်ကန်တော်ကြီး ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ကို မြို့တော်၏ ကျက်သရေဆောင်အဆင့်မြင့်ဥယျာဉ်ကြီး တစ်ခုအဖြစ်လည်းကောင်း၊ ပြင်ဦးလွင်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်ကြီး ကဲ့သို့ အပန်းဖြေအနားယူ လေ့လာဖွယ်ရာ သာယာလှပသော ဥယျာဉ်ကြီးအဖြစ် လိုအပ်မှုများကို ထပ်မံမွမ်းမံတည်ဆောက်သွားကြရန်လိုကြောင်း။

ယခု ဇုန်များအလိုက် ခွဲခြားတည်ဆောက်လျက်ရှိနေသည့် တည်ဆောက်ရေး၊ စိုက်ပျိုးရေးစသည့် ပြုပြင်မွမ်းမံရေးလုပ်ငန်းတိုင်းကို စံချိန်မီ တည်ဆောက်သွားရန်လိုအပ်သကဲ့သို့ ရေရှည်တည်မြဲမှုရှိအောင် စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်ရန်ကိုလည်းလိုကြောင်း။

အပန်းဖြေအနားယူကြသည့် လူကြီး လူငယ် ကလေးသူငယ်များအတွက် အေးချမ်းသည့် သဘာဝခံစားမှုများရရှိစေနိုင်ရန် မွမ်းမံပြင်ဆင်ထားရန် လိုအပ်သကဲ့သို့ မျက်စိပသာဒ ကြည်နူးမှုရရှိအောင် ပန်းပေါင်းစုံ ဝေဆာဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးတစ်ခုအဖြစ် မွမ်းမံသွားကြရန်လိုကြောင်း။

အပန်းဖြေအနားယူ

ထို့ပြင် ဥယျာဉ်ကြီးအတွင်း မိမိတို့နိုင်ငံတွင် စိုက်ပျိုးပေါက်ရောက်လျက်ရှိသည့် ရှားပါးသစ်ပင်မျိုးစုံနှင့် ပရဆေးပင်မျိုးစုံ၊ ပန်းမန်မျိုးစုံတို့ကိုလည်း စုံစုံလင်လင် စိုက်ပျိုးထားကြရန်လိုကြောင်း။

ဥယျာဉ်ကြီးအတွင်း ဝင်ရောက် သည်နှင့် အပန်းဖြေစရာနှင့် သာယာကြည်နူးဖွယ်ရာ အပန်းဖြေအနားယူ နိုင်သကဲ့သို့ ပညာပေး လေ့လာဖွယ်ရာ ပြကွက်များကို ကြည့်ရှုလေ့လာ အပန်းဖြေအနားယူနိုင်စေရအောင် ဌာနဆိုင်ရာအားလုံးက ညှိနှိုင်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြှင့်တင် တည်ဆောက်မှုလုပ်ငန်းများဖြစ်သော Relaxation Zone တွင် ပါဝင်သည့် Elephant Plaza တည်ဆောက်နေမှုကို လည်းကောင်း၊ Education Zone တွင်ပါဝင်သည့် ပန်းမန်သစ်ပင်ပျိုးပင် အရောင်းဆိုင်များ၊ စိုက်ပျိုးရေး ပညာပေးဆိုင်ရာပြကွက်များကို မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ခေတ်မီ ရေချိုငါးပြတိုက် (Fresh Water Fish Garden) တည်ဆောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ Recreation Zone တွင် ပါဝင်သည့် မိသားစုအလိုက် စားသောက်နိုင်သည့် စားသောက်ဥယျာဉ် (Berbecue Garden) မွမ်းမံပြင်ဆင်ထားမှုကိုလည်းကောင်း၊ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တို့ကို ဆက်သွယ် တည်ဆောက်မည့် ခုံးကျော်တံတား (Over Head Bridge) တည်ဆောက်မည့် နေရာတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့ အားမှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်အတွင်း မြို့နယ်များနှင့်နယ်မြို့နယ်များ လျှပ်စစ်ဓာတ်အားခေတ္တပိတ်မည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့ အလုံနှင့်ရွာမ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်ပေးနေသော ညောင်တုန်း-ရွာမ ၁၄ လက်မ ဓာတ်ငွေ့ ပိုက်လိုင်းအား ပိုက်လိုင်းပေါင်းခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းက မေ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

ယင်းလုပ်ငန်းဆောင်ရွက်စဉ် အလုံဓာတ်အားပေးစက်ရုံနှင့်ရွာမ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပေးစက်များနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်တို့ကို မေ ၁ ရက်နှင့် မေ ၂ရက်တို့တွင်လည်းကောင်း၊ ရွာမစက်ရုံမှဓာတ်ငွေ့တာဘိုင်များကို မေ ၃ ရက်အထိလည်းကောင်းရပ်ထားမည် ဖြစ်သည်။ ထိုရက်များတွင် နံနက်၆နာရီမှညနေ ၆နာရီအထိ နေရာဒေသအချို့အား လျှပ်စစ်ဓာတ်အား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်းနှင့် ညနေ ၆ နာရီနောက်ပိုင်းအချိန်များတွင် ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အသားကဏ္ဍနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၃-၂၀၀၄ခုနှစ် ဒုတိယခြောက်လပတ် အသားကဏ္ဍနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်၁၁နာရီက အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း(ရုံးချုပ်)အစည်းအဝေးခန်းမတွင် ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်က မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ ခုနှစ် ဒုတိယခြောက်လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။

ဆက်လက်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာမောင်မောင်စံနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၀၃-၂၀၀၄ခုနှစ် ဒုတိယခြောက်လပတ် လုပ်ငန်းကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။

ထို့နောက် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်အေးတို့က မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် ဒုတိယခြောက်လပတ် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို တင်ပြသည်။ ဆက်လက်၍ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းရှိ မွေးမြူရေးခြံများမှ ထူးချွန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော မွေးမြူရေးခြံများကို လုပ်ငန်းစွမ်းဆောင်ရည်ဆုပေးအပ်ချီးမြှင့်ပြီးနိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ်လအတွင်းမီးလောင်မှု(၁၅၇)ကြိမ်ဖြစ်ပွား

ရန်ကုန် မေ ၁

၂၀၀၄ခုနှစ် မတ်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု (၁၅၇)ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုငွေကျပ် ၉၄ဒသမ ၇၂သန်းဖိုးခန့်ဆုံးရှုံးသည်။

ယခုအခါ နိုင်ငံတော်တစ်ဝန်းလုံးတွင် ပွင့်လင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းလာသည့်အတွက် အပူရှိန်ပိုမိုလာကာ မီးလောင်မှုများ ဖြစ်ပွားလာနိုင်သောကြောင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများက မိမိတို့တာဝန်ယူဆောင်ရွက်ရသော နယ်မြေဒေသအလိုက် ညှိနှိုင်းရေးဆွဲထားသည့် မီးဘေးလုံခြုံရေးစီမံချက်များအတိုင်း အရှိန်အဟုန်မပျက် မီးသတိမူရေး ဆောင်ရွက်ကြရန်နှင့် ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်နေ့

ဦးကျော်စိန် (မန္တလေး)

'ကဆုန်လပြည့်နေ့' ကို **'ဗုဒ္ဓနေ့'** ဟူ၍ ဗုဒ္ဓဘာသာဝင်အပေါင်းက ဦးထိပ်ထားကြပါသည်။ ယင်းနေ့၏ ထူးခြားချက်ကြီးများမှာ **'ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း'** ဟုဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားနှင့်စပ်လျဉ်း၍-

၁။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော **'ဂေါတမဗုဒ္ဓ'** အမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာ မြတ်စွာဘုရားထံမှ **နိယတဗျာဒိတ်** ကို **'ကဆုန်လပြည့်နေ့'**တွင် ခံယူခြင်း၊

၂။ မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊

၃။ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရား အလောင်းတော်သည် **သဗ္ဗညုတ ဘုရားရှင်** အဖြစ်သို့ ရောက်ရှိတော်မူခြင်း။

၄။ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင် တော်မူခြင်း

တို့ဖြစ်လေသည်။

ဂေါတမဘုရားလောင်းသည်-

'စိန္တိတံ သတ္တသင်္ချေယံ၊ နဝသင်္ချေယ ဝါစကံ။ ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ' ဟူသော ပါဠိတော်အရ ဤရွေ့ ဤမျှဟု တွက်ဆမှတ်သားခြင်းငှာ မတတ်ရာသော မဟာကပ်ပေါင်း ခုနစ်အသင်္ချေအတွင်း၌ပွင့်တော်မူကုန်သော တစ်သိန်းနှစ်သောင်းငါးထောင်ကုန်သော ဘုရားရှင်တို့ကို ဖူးမြင်တွေ့ကြုံရသဖြင့် ဓမ္မဒေသနာကို ကြားနာရလေလျှင် ဘုရားဖြစ်ချင်သော စိတ်တော်ရှိလှ၍ အလောင်းတော်တို့ ဖြည့်ကျင့်ဆည်းပူးအပ်သော စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း (**ဒါနပါရမီ**)။ ကိုယ်ကျင့်သီလ ကောင်းအောင်စောင့်ထိန်းခြင်း (**သီလပါရမီ**)။ တောထွက်ခြင်း (**နေက္ခမ္မပါရမီ**)။ ပညာဖြင့် အများအကျိုးသယ်ပိုးခြင်း (**ပညာပါရမီ**)။ ကြိုးစားအားထုတ်ခြင်း (**ဝီရိယပါရမီ**)။ သည်းခံခြင်း (**ခန္တီပါရမီ**)။ မှန်ကန်သောစကားကိုသာ ပြောဆိုခြင်း (**သစ္စာပါရမီ**)။ စိတ်ဓာတ်မြဲမြံခိုင်ခံ့အောင် ဆောက်တည်ခြင်း (**အဓိဋ္ဌာနပါရမီ**)။ မေတ္တာဓာတ် အပြည့်အဝထားခြင်း (**မေတ္တာပါရမီ**)။ လျစ်လျူရှုခြင်း (**ဥပေက္ခာပါရမီ**) ဟူသော မြင့်မြတ်သူတို့၏ အလုပ်ဖြစ်သည့် ပါရမီဆယ်ပါးနှင့် အလွန်စွန့်နိုင်ခဲစွာသော ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတို့၏ စည်းစိမ်၊ ဥစ္စာရတနာကို စွန့်ခြင်း၊ သားသမီးကိုစွန့်ခြင်း၊ ဇနီးမယားကိုစွန့်ခြင်း၊ ခြေ၊ လက်၊ နား၊ နှာခေါင်းအစရှိသည့် အင်္ဂါကြီးငယ်ကိုစွန့်ခြင်း၊ ကိုယ်၊ အသက်ကိုစွန့်ခြင်းဟူသည့် စွန့်ခြင်းကြီးငါးပါးတို့ကို တစ်စတစ်စ ဖြည့်ကျင့်တော်မူသည်။

ထို့နောက် ကိုးအသင်္ချေထက်၌ ပွင့်တော်မူကြကုန်သည့် သုံးသိန်းရှစ်သောင်းခုနစ်ထောင်ကုန်သော ဘုရားရှင်တို့နှင့် တွေ့ကြုံပြန်လျှင်လည်း ထိုဘုရားရှင်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော်က တရားတော်ကိုနာ၍ **'နောင်သောအခါ ငါလည်းထိုအတူ လူတွင်ထင်ရှား ဘုရားစင်စစ် ဖြစ်ရလေသော'** ဟု နှုတ်ရော၊ စိတ်ပါ ဆုတောင်းသမှုပြု၍ ရွှေငွေဆင်မြင်းအစရှိသည်တို့ကို လှူခြင်း (**ဒါနပါရမီ**)။ ခြေ၊ လက်၊ နား၊ နှာခေါင်းအစရှိသည်တို့ကိုလှူခြင်း (**ဒါနဥပပါရမီ**)။ ကိုယ်၊ အသက်ကိုလှူခြင်း (**ဒါနပရမတ္ထပါရမီ**) အစရှိသော ပါရမီသုံးဆယ်နှင့် စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်က အမြဲမပြတ်ကြီးကုတ်အားထုတ်တော်မူသဖြင့် ဆောက်ဦးရင့်မာ၍ သုမေဓာရှင်ရသေ့အဖြစ်သို့ ရောက်တော်မူသည်။ ထိုမှတ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူကြကုန်သော နှစ်ဆယ့်ခုနစ်ဆူသော ဘုရားရှင်တို့တွင် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ နိယတဗျာဒိတ် ခံယူရရှိတော်မူသည်။

ထို့နောက်သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် ဘဝများစွာတို့၌ လူအများချမ်းသာအောင် ပြုကျင့်မှု (**လောကတ္ထစရိယ**)။ အမျိုးသားတို့ကြီးပွားအောင် ပြုကျင့်မှု (**ဉာတတ္ထစရိယ**)။ မိမိစိတ်ဖြူစင်အောင် ဉာဏ်ပညာ ရင့်လာအောင် ဒါနပြုမှု၊ သီလစောင့်မှု၊ မေတ္တာစသော ဘာဝနာပွားမှု(**ဗုဒ္ဓတ္ထစရိယ**)ဟူသော ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီးနောက် တုသိတာနတ်ပြည်၌ သေတကေတုမည်သော ဘုရားအလောင်းတော်နတ်သားဖြစ်ခဲ့သည်။ ထိုသို့ဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က **"ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါ"**ဟု တောင်းပန်ကြသည်။ သို့ဖြစ်၍ ဘုရားအလောင်းတော် နတ်သားသည် ဘုရားဖြစ်ရာ အချိန်ကာလ၊ ဘုရားဖြစ်ရာ ကျွန်းအရပ်၊ ဘုရားဖြစ်ရာ အရပ်ဒေသ၊ ဘုရားဖြစ်ရာ အမျိုးအနွယ်၊ ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ သက်တမ်း အပိုင်းအခြားဟူသော ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်ရှုတော်မူသည်။ ယင်းသို့ ကြည့်ရှုတော်မူပြီး နတ်အဖြစ်မှစုတေက မဟာသက္ကရာဇ် ၆၇ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေတည်နေတော်မူသည်။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ ဖွားမြင်တော်မူသည်။

ဘုရားအလောင်းတော်သည် ၁၆နှစ်အရွယ်တွင် ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားပြီး ထီးနန်းစည်းစိမ်ကို ခံစားသည်။ ၂၉နှစ်အရွယ်သို့ ရောက်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် တောထွက် ရဟန်းပြုသည်။ အလွန်ပြင်းပြခဲသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်ပတ်လုံး ကျင့်တော်မူသည်။ ဘုရားအလောင်းတော်သည် သုဇာတာ သူဌေးသမီး လှူဒါန်းသော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ အလှူခံ ဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူသည်။ ဘုရားအလောင်းတော်သည် သောတ္ထိယအမည်ရှိသော မြက်ထမ်းသမား လှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို အလှူခံ၍ ယင်းမြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သောအခါ မဟာဗောဓိပင်ရင်း၌ အပရာဇိတ ပလ္လင်တော်ဖြစ်ပေါ်လာသည်။ ဘုရား အလောင်းတော်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် နေမဝင်မီအာရုံကို အောင်တော်မူ၍ ညဉ့်ဦးယံတွင် ရှေး၌ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ် သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်ကို ရတော်မူသည်။ သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသော သတ္တဝါတို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူသည်။ မိုးသောက်ယံ၌ အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၍ သက်တော် ၃၅နှစ်၊ မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူသည်။

သုံးလောကထွတ်ထား သဗ္ဗညုတဘုရားရှင်သည် ၄၅ဝါ ကာလပတ်လုံး ဝေနေယျ သတ္တဝါတို့အား တရားဓမ္မတို့ကို ဟောကြားတော်မူက လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူပြီး သက်တော် ၈၀အရွယ်၊ မဟာသက္ကရာဇ် ၁၄၈ခု ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူသည်။

ဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း သြဃလေးဖြာသံသရာ၌ နစ်မွန်းပျော်ပါးကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို သနားကြင်နာတော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။ မြတ်ဗုဒ္ဓသည် အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်းဖြစ်သည်မဟူ ၄၅ဝါပတ်လုံး မဟာလိုက ဝီရိယမြတ်ဖြင့် ကျွတ်ထိုက်သသူ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့ကို ကယ်မတော်မူလျက် သာသနာပြုတော်မူသည်။

မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်သော သြဝါဒလမ်းညွှန်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်ဟူသမျှ ကံကောင်းထောက်မ၍ လိုက်နာကျင့်ကြံရခြင်း ဖြစ်ပေသည်။ ထို့အတွက် လိုအပ်သော ပစ္စုပ္ပန်၊ တမလွန်၊ လောကီ၊ လောကုတ္တရာ အကျိုး အမျိုးမျိုးကို ရရှိခံစားနေကြရပေသည်။ ထို့ဆဲ့အမ သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့နေသမျှ ကာလပတ်လုံး တရားဒေသနာတော်များ၌ ပါရှိသည့် လမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်ကြံသူ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ ဟူသမျှ မိမိတို့ကျင့်ကြံအားထုတ်ကြသည့်အတိုင်းအတာအားလျော်စွာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်အကျိုး ပွားတိုးရရှိနေမည်မှာ အမှန်ပင်ဖြစ်ပေသည်။ ။

ဧပြီ ၂၉ရက်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်)-ဒေါ်ဝါဝါကျော်တို့က ငွေကျပ် ၅၀၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) က လက်ခံယူစဉ်။ (သတင်းစဉ်)

စိန်ဖူးတော်နှင့်ထီးတော်တင်လှူ

ရန်ကုန် မေ ၁

ရွှေဦးမြို့နယ် ပန်းကုံးကျေးရွာအုပ်စု ပန်းကုံးစိုက်ပျိုးရေးသုတေသနခြံအနီး အသစ်တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်စေတီတော်၊ စိန်သိန်းတန် ရှစ်မျက်နှာ ဆုတောင်းပြည့်စေတီတော်နှင့် ကိုးတောင်ပြည့်စေတီရုံလေးဆူ စိန်ဖူးတော်နှင့်ထီးတော်တင်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ကမ်းဖြူဘုရားစေတီကုန်းတော်ပေါ်ရှိ ဗဟိုမဏ္ဍပ်တွင် ဧပြီ ၄ ရက်က ကျင်းပကြောင်းသိရသည်။ (၃၇၈)

ထေရဝါဒစံကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံမြန်မာကျောင်း ပဓာန နာယက ဆရာတော် ပြည်တွင်း ပြည်ပကမ္ဘာ့သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရနှင့် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ပုညနိဗ္ဗိတာရာမ ရွှေသုဝဏ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဒိယတို့အား ပုနေသပသမ္ဘဝမင်္ဂလာပစ္စယာနုဂ္ဂဟ ချီးမြှောက်ခြင်းမင်္ဂလာနှင့် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင် ကုသိနာရုံ မြန်မာကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ ထေရဝါဒစံကျောင်း(နှစ်ထပ်တိုက်) ဆောက်လုပ်ရေးအတွက် အလှူငွေ ကျပ်သိန်း၃၀၀ ရေစက်သွန်းချလှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ ညနေ၄နာရီခွဲက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၌ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ္လအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အလှူရှင် ဒေါက်တာ အောင်ဝင်း-ဒေါ်ဥဥအောင်၊ ဦးကျော်မြင့်-ဒေါ်ခင်အေးထွန်းနှင့် မိသားစုများ၊ အလှူရှင်များနှင့် ပရိသတ်များက တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များထံမှ အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရနှင့် သင်္ဃန်းကျွန်းမြို့နယ် ပုညနိဗ္ဗိတာ ရာမရွှေသုဝဏ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သဒ္ဒိယတို့က ပုနေသပသမ္ဘဝမင်္ဂလာ ခံယူတော်မူကြသည်။

ပရိတ်တရားတော်နာယူ

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ ဗဟန်းမြို့နယ် အာဇာနည်လမ်းနေ အလှူရှင် ဒေါက်တာအောင်ဝင်း-ဒေါ်ဥဥအောင်နှင့် ဦးကျော်မြင့်-ဒေါ်ခင်အေးထွန်းတို့က အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံခရိုင်ကုသိနာရုံ မြန်မာကျောင်းတိုက် ပရိဝုဏ်အတွင်း၌ ထေရဝါဒစံကျောင်း(နှစ်ထပ်တိုက်) ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်သိန်း ၃၀၀ကို ပေးအပ်လှူဒါန်းကြပြီး ဒုတိယဝန်ကြီးက အဆိုပါလှူဒါန်းငွေများကို ကျောင်းဆောင် ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့အား လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

ရှင်းလင်းလျှောက်ထား

ထို့နောက် အခမ်းအနားမှူးက အလှူရှင်များ၏ လှူဒါန်းငွေစာရင်းကို ဖတ်ကြားလျှောက်ထားပြီး အလှူရှင် ဒေါက်တာအောင်ဝင်းက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေက အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲပြီးစီး အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဆုများချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲမစတင်မီ ဗိုလ်လုပွဲ ပွဲစဉ်များကို သတ်မှတ်ကွင်းများတွင် ကျင်းပသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အသက်(၁၀)နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ နောင်စစ်သူဇော်၊ ဒုတိယ ရဲလင်းဦး၊ ပူးတွဲတတိယ ဒန်နီရာနှင့် သက်ဇော်ထက်၊ အသက် ၁၀ နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင့်သဇင်ထိုက်၊ ဒုတိယ နှင်းနှင်းအေး၊ တတိယ နီလာတို့အား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးကလည်းကောင်း၊အသက် ၁၂နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်ကိုဦး၊ ဒုတိယ ရာဇာထွန်း၊ ပူးတွဲတတိယ တင်မျိုးဝေနှင့် ကျော်မြင့်သန်း၊ အသက် ၁၂ နှစ်အောက် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇင်မာထွေး၊ ဒုတိယ ဂျူးဂျူး၊ တတိယ အိန္ဒြေဦးတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ကလည်းကောင်း၊ အသက် ၁၄ နှစ်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ အောင်ကျော်နိုင်၊ ဒုတိယ အောင်ကိုကို၊ ပူးတွဲတတိယ ဇင်ဘိုနှင့် ကျော်သူ၊ အသက် ၁၄ နှစ်အောက် အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ ခိုင်ငြိမ်းသာ၊ ဒုတိယ သက်မာထွန်းနှင့် တတိယ နှင်းလပြည့်တို့အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်လှကလည်းကောင်း၊ အသက် ၁၆ နှစ်အောက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဝင်းထက်ပိုင်၊ ဒုတိယ သန်းဇော်ထွန်းနှင့် တတိယ အဇီ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အေမီထွန်း၊ ဒုတိယ ကြည်မြဇော်နှင့် တတိယ ချစ်ဆုရည်၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ အေမီထွန်းနှင့် ကြည်မြဇော်၊ ဒုတိယ ထားထားလွင်နှင့် ချစ်ဆုရည်၊ တတိယ ခိုင်ငြိမ်းသာနှင့် မိုးချစ်သဲတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း၊ အသက် ၆၀ အထက် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဦးခင်မောင်ဝင်းနှင့် ဦးဟားဘတ်၊ ဒုတိယ ဦးကျော်မောင်နှင့် ဗိုလ်မှူးကျော်ခင်၊ တတိယ ဦးဟောက်ခိုပေါင်နှင့် ဦးကျော်မြင့်၊ အသက် ၅၅နှစ်အထက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ ဦးမောင်မောင်လေး၊ ဒုတိယဆုရ ဗိုလ်ချုပ်ကျော်ဝင်း ကိုယ်စား ဗိုလ်မှူးတင်စောနိုင်၊ တတိယ ဦးဟောက်ခိုပေါင်တို့အား မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အသင်းလိုက်ဆုချီးမြှင့်

ဆက်လက်၍ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီ၊ ဒုတိယဆုရ Top Star၊ ပူးတွဲတတိယ Morning Star နှင့် Champion၊ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြို့တော်စည်ပင်နှင့် ဒုတိယဆုရ သစ်တောရေးရာအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက၏ အထူးဂုဏ်ပြုဆုရ ဦးကျော်စံလှနှင့် ဦးဟောက်ခိုပေါင်တို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဗိုလ်မှူးတင်စောနိုင်က ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ရည်ရွယ်တည်ဆောက်

ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာတွင် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ဒေသအလိုက် လိုအပ်ချက်အရ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၄ခုနှစ် ဧပြီလအထိ ရေထိန်းတံခါးပေါင်း ၁၂ ခုကို ငွေကျပ်သန်းပေါင်း ၃၀၀၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ဖွင့်လှစ်ပေးပြီး ဖြစ်သည်။

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းဘေးရှိ ရေနက်ကွင်းများ အချိန်မီစိုက်ပျိုးနိုင်ရန်၊စိုက်ပျိုးမြေဧက တိုးတက်လာစေရန်၊ မိုးရာသီ ရေမြုပ်ခြင်း ကာကွယ်နိုင်ရန်နှင့် စိုက်ပျိုးသီးနှံများ တိုးတက်ဖြစ်ထွန်းစေရန်အတွက်အကျိုးဖြစ်ထွန်းစေမည့် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ၂၀၀၂–၂၀၀၃ ခုနှစ်မှစ၍ ကျုံထော် ရေထိန်းတံခါး တည်ဆောက်ရေးစီမံချက်ကို အကောင်အထည်ဖော်လျက် ရှိသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိသော ကျုံထော်ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဧပြီ ၁၈ ရက်က ကွင်းဆင်းလေ့လာရေး ရောက်ရှိခဲ့ကြသည်။ မြန်မာ့အလင်း သတင်းအဖွဲ့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်၊ အမှုဆောင်အရာရှိ ဦးဇော်ဦး(၁)၊ ဦးစီးအရာရှိ ဦးသန်းဌေးတို့က သထုံမြို့ ဆည်မြောင်း ဧည့်ရိပ်သာတွင် ဧည့်ခံတွေ့ဆုံပြီး ပေါင်မြို့နယ် နယ်နိမိတ်အတွင်း ရောက်ရှိနေသော ကျုံထော်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းသို့ ခေါ်ဆောင်သွားသည်။

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကျုံထော်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ဦးစီးအရာရှိ ဦးဇော်ဦး(၁) (မြို့ပြ)က ရေတံခါးအဖွင့်အပိတ်ပြုလုပ်သည့် Gear Box များအကြောင်း မြန်မာ့အလင်းသို့ ဤသို့ရှင်းပြသည်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရှေးဦးစွာ ကျုံထော်ရေထိန်းတံခါး ရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က ကျုံထော်ရေထိန်းတံခါးတည်ဆောက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြရာတွင် နွေရာသီတွင် ရေငန်ဝင်ရောက်မှုမှ တားဆီးပေးရန်၊ မိုးရာသီတွင် မိုးရေများ ထုတ်ပစ်ရန်၊ ပြင်ပရေ မြင့်တက်ချိန်တွင် ကုန်းတွင်းသို့ မဝင်ရောက်နိုင်ရန်၊ မိုးရာသီကုန်တွင် ကုန်းတွင်းပိုင်း ရေနက်ကွင်းမှရေများကို ဆောလျင်စွာ ထုတ်ပစ်နိုင်သဖြင့် စိုက်ပျိုးသီးနှံများ အချိန်စော၍ စိုက်ပျိုးနိုင်ရန်တို့ ရည်ရွယ်ကြောင်း ပုံစံကားချပ်များဖြင့် ရှင်းပြသည်။

ဆက်လက်ပြီး ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်ဦးက ရှင်းလင်းရာတွင် ကျုံထော်ရေထိန်းတံခါး တည်ဆောက်ရာ၌ သထုံ၊ ကျုံထော်တူးမြောင်းတံတားဖြူမှ ကျုံထော် ရေတံခါးအထိ ရေနုတ်မြောင်းဖောက်ထားကြောင်း၊ နောက်ပိုင်းတွင် ကျုံထော်ချောင်း ကောသွားသဖြင့် ပန်းတိမ်ကန် တူးမြောင်းကို တူးခဲ့ကြောင်း၊ပန်းတိမ်ကန်တူးမြောင်းနှင့် ကျုံထော်တူးမြောင်း ဖောက်လုပ်ရခြင်း ရည်ရွယ်ချက်မှာ ပန်းတိမ်ကန်တူးမြောင်း၏ ဘေး ဝဲ/ယာတွင်ရှိသော သရက်တော၊ ပေါင်းဆိုင်၊ ဒေးဘရိန်းရွာများတွင်ရှိသည့် ကွင်းများ၌ မိုးရာသီတွင် ရေနစ်မြုပ် သော အန္တရာယ် ကာကွယ်ရန် ရေနုတ်မြောင်းဖောက်ကြကြောင်း။

ရေကြီးနစ်မြုပ်

ရေနုတ်မြောင်းများမှာ မိုးရာသီတွင် ပင်လယ်မှ ဒီရေတက်လာပြီး မိုးရွာသော အချိန်နှင့် တိုက်ဆိုင်ကာ ဒီရေကထောက်၍ မိုးရေနှင့်ရောလျက် လယ်ကွင်းများ၌ ရေကြီးနစ်မြုပ်ခြင်း ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် တစ်ကြိမ်စိုက်ရမည့်အစား နှစ်ကြိမ်စိုက်ရခြင်း၊ တချို့လည်း သုံးကြိမ် စိုက်ကြရပြီး ပြန်စိုက်ရန် ရေမမီတော့သဖြင့် လုံးဝ မစိုက်လိုက်ရဘဲ ပျက်စီးခဲ့ခြင်းများ ရှိခဲ့ကြောင်း။

စရိတ်စကသက်သာ

နွေရာသီတွင် နိုဝင်ဘာလမှစပြီး တက်လာသော ရေငန်တွင် နုန်းများပါလာသဖြင့် တူးထားသော ရေနုတ်မြောင်းများတွင်နုန်းများတင်ပြီး နှစ်စဉ်ပြန်တူးဖော်ခဲ့ရကြောင်း၊ မတူးဖော်နိုင်လျှင် ရေနုတ်အားနည်းသွား၍ ရေကြီးမှုဖြစ်ကာ လယ်များ ပျက်စီးခဲ့ကြောင်း၊ ထို့ကြောင့် နွေရာသီတွင် တက်လာသော နုန်းများ တားဆီးပေးရန်နှင့် နုန်းများ တားဆီးထားခြင်းဖြင့် ရေနုတ်မြောင်းများ နှစ်စဉ်တူးဖော်ရခြင်း ဒုက္ခ သက်သာသွားမည်၊ စရိတ်စကများ သက်သာသွားမည် ဖြစ်ကြောင်း။

ရေတော်မိုးတော်စိုက်နိုင်

မိုးရာသီတွင် ပင်လယ်ဒီရေများ ကုန်းတွင်းပိုင်းသို့ ဝင်မလာအောင် ရေတံခါးဖြင့် ပိတ်ထားခြင်းကြောင့် ပင်လယ်ဒီရေ မဝင်လာနိုင်သည့် အပြင် ရေထုတ်မြောင်းမကြီး၌ရှိသော မိုးရေကိုသာ ထုတ်ပေးခြင်းတို့ကို ကျုံထော်ရေတံခါးမှ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ရေကြီးနစ်မြုပ်မှုကြောင့်နှစ်ခါ၊ သုံးခါ ပြန်စိုက်ရသော လယ်များသည် ရေတော်မိုးတော် တစ်ကြိမ်စိုက်သည်နှင့် ပြီးသွားမည်ဖြစ်ကြောင်း လုံးဝ မစိုက်နိုင်သော လယ်များလည်း ပြန်စိုက်လာနိုင်တော့မည် ဖြစ်ကြောင်း။

သထုံ ကျုံထော်တူးမြောင်းနှင့် ပန်းတိမ်ခံတူးမြောင်းပတ်ဝန်းကျင်တွင် အကျိုးပြုထားသော လယ်ဧက ၂၂၀၀၀ ကျော်တို့သည် နှစ်စဉ်နှစ်တိုင်း ဒုက္ခရောက်နေရခဲ့ရာ ရေတံခါးကြီးပြီးသွားလျှင် ရေတော်မိုးတော် ပျက်စီးမှုမရှိ စိုက်နိုင်တော့မည်ဖြစ်ကြောင်း။

ရေချိုထိန်းနိုင်

ယခင်က အောက်တိုဘာလနောက်ပိုင်းတွင် ရေငန်သည် အပေါ်တက်လာလေ့ရှိရာ ချောင်းထဲတွင်ရှိသောရေများမှာ နည်းသောကြောင့် ရေငန်များဖြစ်ကုန်ကြောင်း၊ ချောင်းဘေး ဝဲ/ယာရှိ လယ်များမှာလည်း ရေကို မည်သို့မျှ အသုံးချ၍မရခဲ့ကြောင်း၊ သောက်သုံးရေကအစ ကန်တူး၍ လှောင်ထားကြရကြောင်း၊ ကျွဲ၊နွားများ ရေသောက်ရန် အခက်အခဲများတွေ့ရကြောင်း၊ ထို့ကြောင့် ကျုံထော် ရေထိန်းတံခါးကို အောက်တိုဘာလမှစ၍ ပိတ်လိုက်ပြီး သဘာဝမိုးရေ ကျန်နေသည်ကို တံခါးပိတ်ထိန်းထားပေးခြင်းဖြင့် နွေစပါးလည်း စိုက်နိုင်ပြီး ဆောင်းသီးနှံများကို ရေနုတ်မြောင်း နှစ်ခုမှဖြစ်သော ကျုံထော်ရေနုတ်မြောင်းနှင့် ပန်းတိမ်ကန်မြောင်းများမှ ရေဖြင့် ဆောင်းသီးနှံလည်း စိုက်နိုင်မည်ဖြစ်ကြောင်း၊ သောက်ရေ၊ သုံးရေ၊ကျွဲ၊နွား သောက်သုံးရေတို့အတွက်လည်း အခက်အခဲရှိတော့မည်မဟုတ်ကြောင်း၊ ရေချိုကို ထိန်းပေးထားနိုင်မည်ဖြစ်ကြောင်းရှင်းပြသည်။

ကျုံထော်ရေထိန်းတံခါးမှာ မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထော်ချောင်းဘေးတွင် တည်ဆောက်ထားပြီး ရေတံခါးအရွယ်အစားမှာ ၆ ပေ x ၁၂ ပေရှိ

ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ကျုံထော်ရေထိန်းတံခါးတည်ဆောက်မှုအခြေအနေများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းလတ်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

သော တံခါး ၂၇ပေါက်ရှိ၍ ကွန်ကရစ်ရေတံခါးဖြစ်သည်။ ကျုံထော်ရေတံခါး တည်ဆောက်သည့် ပေါင်ဒေသတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် လက်မ ၂၀၀ ရွာသွန်းသည့် ဒေသဖြစ်သည်။ ကျုံထော် ရေထိန်းတံခါးတွင် ရေခေါ်မြောင်းမကြီးကို ပေ ၇၀၀၊ ရေထုတ်မြောင်းမကြီးကို ပေ ၅၀၀ဖြင့် တည်ဆောက်မည် ဖြစ်သည်။

ရေတံခါးပေါက် ၂၇ပေါက်ရှိ

ကျုံထော် ရေထိန်းတံခါးကို ၆ပေ x ၁၂ ပေ၊ အပေါက် အရွယ်အစား ရေတံခါး ၂၇ ပေါက်ဖြင့် တည်ဆောက်လျက် ရှိပြီး ရေထိန်း၊ ရေထုတ် ပြုလုပ်နိုင်ရန် တစ်ပေါက်လျှင်(Flap Gate) ရေထုတ်တံခါး တစ်ရွက်နှင့် (Silt Gate) နုန်းတား တံခါးသုံးရွက်စီဖြင့် တပ်ဆင်တည်ဆောက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ကျုံထော်ရေထိန်းတံခါးကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်အထိ ကျောက်ကြီးစီခြင်း လုပ်ငန်းနှင့် ရေတံခါးရွက် တပ်ဆင်ခြင်းလုပ်ငန်းမှအပ လုပ်ငန်းအားလုံး ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးနေပြီဖြစ်ကြောင်း တွေ့ခဲ့ရသည်။

ဧက ၂၂၀၀၀ ကျော်အကျိုးရှိ

ကျုံထော်ရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းကိုနိုင်ငံတော်က ခန့်မှန်းကုန်ကျငွေသန်း ၅၀၀ ကျော် အကုန်ကျခံ၍တည်ဆောက်လျက်ရှိရာ ကျုံထော်ရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် ပေါင်မြို့နယ်ကျုံထော်ချောင်း ဒေသရှိ ရေနက်ကွင်းဧက ၂၂၀၀၀ ကျော်အကျိုးသက်ရောက်မှုရှိတော့မည် ဖြစ်သည်။ မြစ်ရေဝင်ရောက်မှုကြောင့် မိုးရာသီရေကြီး၊ရေမြုပ်ခြင်းကို ကာကွယ်နိုင်ပြီး မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းနှင့်နွေရာသီရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်မည်ဟု သိရသည်။

ကျုံထော်ရေထိန်းတံခါးတည်ဆောက်ခြင်းဖြင့် မိုးရေများကို မိုးရာသီတွင် ဆောလျင်စွာ ထုတ်နုတ်နိုင်ရန်နှင့် နွေစပါး အောင်ရေပေးနိုင်တော့မည့်အပြင် ကျုံထော်ချောင်းဘေးရှိ စိုက်ပျိုးမြေများ အချိန်မီစိုက်ပျိုးနိုင်ရေး၊ သီးနှံများ အထွက်တိုးစေရေးအတွက် စိုက်ပျိုးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် စိုက်ပျိုးမြေဧက တိုးတက်လာမည်ဖြစ်၍ နိုင်ငံတော်အတွက် ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပြည်ပပို့ကုန်သီးနှံများ တိုးတက်လာတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံပါဝင်ပြသရေး ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံအမှာစကားပြောကြား

ရန်ကုန် မေ ၁

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရေးကိစ္စနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၆ နာရီတွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဌမထပ်ရှိ ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပြပွဲပြသမည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နှင့် ပြပွဲပစ္စည်းပြသမည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက တရုတ် - အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်း အမျိုးမျိုးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင် ပြသရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးက တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စပ်လျဉ်း၍ လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြပွဲတွင် ပါဝင်ပြသမည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး တင်ပြဆွေးနွေးချက်အပေါ် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံက ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် အမက(၁)ကျောင်းဆောင်သစ်ဖွင့်ပွဲ ပညာရေးဝန်ကြီးဦးသန်းအောင် တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁

ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးစေတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်းဆုံ၌ ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ခြောက်ထပ်တိုက် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်၊ဝန်ကြီးချုပ်ရုံးဝန်ကြီးဦးသန်းရွှေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်၊ အလှူရှင်များ၊ ကျောင်းအုပ်ကြီးနှင့်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး ကျောင်းရှေ့မျက်နှာစာရှိ ကျောင်းဆိုင်းဘုတ်ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းစုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍အလှူရှင် ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာဦးရွှေလှိုင်က ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်စကား

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင်ဦးရွှေလှိုင်က ကျောင်းဆောင်သစ် ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်း၊ စာရင်းဇယားများကို လွှဲပြောင်းပေးအပ်ရာ ပညာရေးဝန်ကြီးဌာနကိုယ်စား အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်) ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူကလည်းကောင်း၊ ဆရာ ဆရာမများ ကျောင်းဝတ်စုံ အတွက် ငွေကျပ် သုံးသိန်း၊ ကျောင်းစာကြည့်တိုက်အတွက်ငွေကျပ် ငါးသိန်း၊ မာလ်တီမီဒီယာအတွက် ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် ၃၈ သိန်းကိုပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်က လည်းကောင်း လက်ခံကြသည်။**(အပေါ်ပုံ)**

လွှဲပြောင်းပေးအပ်

ဆက်လက်၍ အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူအငွေများကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းတို့ကလက်ခံကြပြီး လှူဒါန်းမှုအရပ်ရပ်ကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ကျောင်းအုပ်ဆရာကြီးဦးချစ်ခင်သို့ လွှဲပြောင်းပေးအပ်လိုက်သည်။ **(သတင်းစဉ်)**

ပညာသင်ဆုများအကျိုးရှိစွာအသုံးချနိုင်ရေးဆောင်ရွက်

ရန်ကုန် မေ ၁

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ Technical Cooperation Scheme of Colombo Plan (TCS), Indian Technical and Economic Cooperation(ITEC) နှင့် General Cultural Scholarship Scheme of Indian Council for Cultural Relation (ICCR) အစီအစဉ်များဖြင့် ပေးအပ်လျက်ရှိသည့် ပညာသင်ဆုများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ကာ ဝန်ကြီးဌာန ၁၅ ခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အခြားတာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံး သံအမတ်ကြီး H.E.Mr.Rajiv Kumar Bhatia နှင့် သံရုံးမှ အခြားတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံမှ ပေးအပ်သည့် ပညာသင်ဆုများကို ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ဆွေးနွေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဧပြီ ၂၉ ရက်က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌသီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်ပထမဆင့်)

ဒေါ်မိမိခင်က ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံရယူစဉ်။ (က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာပင်အတွက် ရန်ကုန်မြို့ (၁၆၅) လမ်း အမှတ်(၄၂)နေ ဒေါ်ယဉ်ထွေး(၅၇)နှစ်ပြည့် မွေးနေ့အလှူငွေကျပ်တစ်သိန်းကို ဧပြီ ၁၈ ရက်က ဒေါ်ယဉ်ထွေး မိသားစုက လာရောက်လှူဒါန်းရာသံဃာ့ဆေးရုံ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)က လက်ခံရယူစဉ်။ (က-ပ)

ကံထူးရှင်ပေါ်ထွန်း

ရန်ကုန် မေ ၁

(၁၈၄)ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့် ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

ခ-၃၁၁၂၂၅

ကျပ်သိန်း ၅၀ ဆုများ

ဆ-၆၄၈၀၃၄ ဏ-၅၁၇၀၅၃
ထ-၉၀၀၇၉၉ ဆ-၈၆၄၂၃၅
ဈ-၇၃၁၁၆၁ မ-၃၇၈၄၄၃
န-၅၅၇၈၃၄ ပ-၂၇၃၅၆၇
င-၇၁၅၁၅၂ ဖ-၄၉၇၉၅၀
ရ-၆၆၉၅၈၆

ကျပ် ၂၅ သိန်းဆုများ

ဘ-၁၁၈၃၄၁ သ-၃၀၉၄၄၄
ပ-၇၆၅၇၃၇ တ-၈၁၂၀၈၀
ဈ-၆၁၀၇၃၇ ဓ-၃၄၃၃၂၀
န-၁၂၀၃၈၄ န-၁၂၂၁၆၉
ထ-၅၃၃၅၈၂ အ-၄၇၃၉၆၇
မ-၇၃၃၂၄၆ အ-၅၈၁၂၉၂
န-၈၄၀၇၉၀ န-၂၃၄၇၈၀
ဟ-၈၄၃၅၀၇

ကျပ်သိန်း ၅၀

(မင်္ဂလာစုံတွဲ)

ဋ-၆၂၆၅၆၇ ဘ-၅၇၃၄၁၉
င-၉၁၆၀၆၀ ကက-၃၉၂၆၉၇
ဗ-၇၅၅၉၅၈ ဝ-၉၀၉၄၈၃
ည-၆၄၃၃၉၆ ဠ-၆၈၄၇၀၉
ခ-၄၁၃၆၀၉ ဠ-၉၇၀၈၄၁
ထ-၄၆၅၇၄၆ ကက-၈၉၆၇၅၆
ဘ-၆၃၄၂၀၂ ဍ-၇၈၉၀၁၂
ပ-၉၇၇၃၂၈ စ-၇၅၉၃၈၉
ဗ-၈၂၉၁၄၅ ဆ-၄၂၂၀၁၈

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော်**"ဖဂ္ဂုနရဟန်း"**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု Internal Structure and Organization (စီးပွားရေး၊ စီးပွားစီမံ)
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
၆း၄၀ ၁၁။ လျှပ်တစ်ပြက်
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၁၆)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်မိခင်သစ္စာ"**(အပိုင်း-၂)

ဧပြီ ၃၀ရက်က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်က ၂၀၀၄ ဒီဇင်ဘာလတွင် ကျင်းပမည့် အာဆီယံအော့တ်မစ်ချန်ပီယံရှစ်နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပင်လယ်ပြင်လှေကျင့်မှု အတွေ့အကြုံရရှိစေရန် ချောင်းသာကမ်းခြေတွင် လှေကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(မြန်မာ့အလင်း)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည်ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

■ *ကျောဖုံးမှ*

လူကြီး၊ လူငယ်မရွေး နေ့ခင်းဘက် အပြင် ထွက်ရမည်ကို ကြောက်လန့်နေကြသည်။ မလွှဲသာလို့ ထွက်ရပြား ချွေးတဒီးဒီးဖြင့် နေ၏အပူဒဏ်ကို ကြိတ်မှိတ်ခံစားကြရသည်။ ထို့ကြောင့် ဤအပူဒဏ်ကို မည်မျှကြာအောင် ရင်ဆိုင်ကြမည်လဲ၊ ရာသီ၏အပူဒဏ်ကြောင့် ဘာဖြစ်လာနိုင်မည်လဲ၊ အပူလှိုင်းဆိုတာ ဘာလဲဆိုသည်ကို ပြည်သူအားလုံး ကွဲကွဲပြားပြား သိရှိရန် မြန်မာ့အလင်းသတင်းအဖွဲ့က ကမ္ဘာအေးဘုရားလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသို့ သွားရောက်ခဲ့သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကြိုတင်ချိန်းဆိုထားခြင်းမရှိသော်လည်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ကို တိုက်တိုက်ဆိုင်ဆိုင် တွေ့ခွင့်ရပြီး ဖော်ရွေမှုအပြည့်အဝဖြင့် အပူချိန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆရာဦးထွန်းလွင်က ပြောကြားရာတွင် "မိုးလေဝသရဲ့ ရာသီကာလအပိုင်းအခြားအရ ပြောမယ်ဆိုရင် ဧပြီလလယ်ကနေ မေလလယ်အထိဟာ မိုးကြိုကာလ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မကြာခင် မိုးကာလထဲကို ရောက်တော့မှာပါ။ အခု ပြည်သူလူထု စိတ်ဝင်စားနေတဲ့ အပူဒဏ်ကို ပဲခူး၊ ရန်ကုန်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့က အတော်လေး ခံစားနေကြရပါတယ်။

မိုးတိမ်တောင်ဖြစ်

အဲဒီလို အပူချိန်မြင့်မားရခြင်းရဲ့ အကြောင်းရင်းကတော့ အခုလို မိုးကြိုကာလမျိုးမှာ မြန်မာနိုင်ငံကို မြောက်အရပ်က လေအေးတွေ ဆင်းလာပါတယ်။ အပူချိန်နည်းပြီး အေးတဲ့ သဘာဝရှိတဲ့လေမျိုးတွေပါ။ ပူပြင်းတဲ့ မြေပြင်ကို အေးမြတဲ့လေထုက ဆင်းလာတော့ သဘာဝမတူညီတဲ့အတွက် အပူချိန်ခြားနားခြင်းဖြစ်လို့ လေထု မငြိမ်မသက်ဖြစ်လာပါတယ်။ အဲဒီအခါမှာ မိုးတိမ်တောင် ဖြစ်လာပါတယ်။ အဲဒီမိုးတိမ်တောင်ဟာ မိုးလေဝသမှာ ထူးခြားတဲ့အချက်တစ်ရပ်ဖြစ်ပါတယ်။ အင်္ဂလိပ်လို Dramatic Cloudလို့ခေါ်ပါတယ်။ အလွန်ဇာတ်လမ်းဆန်တဲ့၊ ပဟေဠိဆန်တဲ့ တိမ်မျိုးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယခုလိုမတ်၊ ဧပြီလမျိုးမှာ ဖြစ်တတ်ပါတယ်။ ယခုအခါမှာ မြောက်အရပ်က လေအေးတွေဟာ ပုံမှန်ထက်ပိုဆင်းလာလို့ မြန်မာပြည် တောင်ဘက်မှာရှိတဲ့ မုတ်သုံလေဦးတွေဟာ အပေါ်ကို မတက်နိုင်ပါဘူး။ ဒါကြောင့် ပြီးခဲ့တဲ့ ဧပြီလအတွင်းက မြန်မာနိုင်ငံ တောင်ပိုင်း၊ မြစ်ဝကျွန်းပေါ်၊ မြေလတ်ပိုင်းတို့မှာ မုတ်သုံလေဦးမရှိလို့ တိမ်မဖြစ်ပါဘူး။ ကောင်းကင်ဟာ သာယာပြီး တိမ်မရှိတော့အပူချိန်ဟာ ပုံမှန်ထက် ပိုမြင့်ခဲ့ပါတယ်။

ပုံမှန်ထက်ပိုမြင့်

မကွေး၊ ပဲခူး၊ ရန်ကုန်၊ ကရင်၊ ပြည်နယ်၊ တနင်္သာရီတို့က ပုံမှန်ထက် ၂ ဒီဂရီမှ ၃ ဒီဂရီစင်တီဂရိတ်လောက် ပိုနေခဲ့ပါတယ်။ အဆိုးဆုံးက ကယားပြည်နယ်ဖြစ်ပါတယ်။ ပုံမှန်ထက် ၅ ဒီဂရီစင်တီဂရိတ်လောက် မြင့်နေပါတယ်။ အထူးသဖြင့် ဧပြီ နောက်ဆုံးပတ်က ဖြစ်ပါတယ်။ ရန်ကုန်မှာ ဒီနှစ်အမြင့်ဆုံးဖြစ်တဲ့ အပူချိန်ဟာ ၄၁ ဒသမ ၈ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်၊ ဧပြီ ၂၇ ရက်က ဖြစ်ပါတယ်။ ရန်ကုန် အပူချိန်သမိုင်းမှာ ၁၉၉၈ မေလက ၄၂ ဒီဂရီစင်တီဂရိတ် ရှိခဲ့လို့ ဒီနှစ်အပူချိန်ဟာ စံချိန်ချိုးတယ်လို့ မပြောနိုင်ပါဘူး၊ စံချိန်နားကပ်နေတာပဲရှိပါတယ်။

အပူလှိုင်းဖြစ်တယ်ဆိုတာမဟုတ်

နောက်လူတွေ သုံးနှုန်းနေတဲ့ အကြောင်းကို ရှင်းပြချင်ပါတယ်၊ အဲဒါက အပူလှိုင်းဆိုတာပါပဲ။

မိုးလေဝသမှာ အမြင့်ဆုံး အပူချိန်ကို နှစ်၃၀ ရဲ့ ပျမ်းမျှကိုယူပါတယ်၊ ပုံမှန်ထက် အနည်းဆုံး ၂ဒီဂရီ၊၃ ဒီဂရီ စင်တီဂရိတ်၊ ဖာရင်ဟိုက်အားဖြင့် ၆ဒီဂရီ၊ ၇ဒီဂရီထက် ပိုနေရင် အပူလွန်ကဲတယ်လို့ ခေါ်ပါတယ်။ ဒီအပူလွန်ကဲမှုဟာ ရက်အားဖြင့် အတော်အတန်ကြာမယ်။ နောက်မြန်မာနိုင်ငံအတွင်း ပြည်နယ်တစ်ခုမှတစ်ခု၊ တိုင်းတစ်ခုမှတစ်ခု ကူးစက်သွားမယ်ဆိုရင် ဒါအပူလှိုင်းဖြစ်တယ်လို့ ခေါ်ပါတယ်။

ဒီအင်္ဂါသုံးရပ်ညီမှ အပူလှိုင်းလို့ ခေါ်တာပါ။ ဒီနှစ်ဖြစ်တဲ့ဖြစ်ရပ်ဟာ ပုံမှန်ထက်ပိုတာမှန်တယ်၊ ရက်အားဖြင့် အတော်အတန်ကြာတာမှန်ပေမယ့် ဒေသတစ်ခုမှ တစ်ခုသို့ ကူးစက်သွားခြင်းမရှိတာကြောင့် ဒီနေ့ လူတွေပြောသလို အပူလှိုင်းဖြစ်တယ်လို့ မခေါ်နိုင်ပါဘူး၊ အပူလွန်ကဲမှုသာ ဖြစ်ပါတယ်။

မုတ်သုံဝင်လာရင် သေချာပေါက် အပူချိန်ကျမှာပါ။ ဒါကြောင့် အပူချိန်နဲ့ပတ်သက်ရင် မုတ်သုံကိုမျှော်ရပါတယ်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနဝင်းအတွင်းရှိ ရာသီဥတု အခြေအနေများဖမ်းယူသော ဂြိုဟ်တုစလောင်းများကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မိုးရွာသွန်းမှု

ဧပြီလကုန်ထိမှာ မြောက်ပိုင်းဒေသတွေဟာ တောင်ပိုင်းဒေသတွေထက် မိုးပိုရွာတာတွေ့ရပါတယ်။ မြစ်ဝကျွန်းပေါ်နဲ့ တောင်ပိုင်းဒေသတွေမှာ ပုံမှန်ထက် မိုးပိုနည်းတာတွေ့ရပါတယ်။ ကချင်ပြည်နယ်မြောက်ပိုင်းနဲ့ စစ်ကိုင်းအထက်ပိုင်းလောက်ပဲ ပုံမှန်ရွာပါတယ်။ဒါကြောင့် ပြည်သူတွေ သိစေချင်တာ ဒီနှစ်မိုးရေချိန်ဟာ သာမန်နှစ် ရွာသွန်းသလောက်သာရှိမယ်။မုတ်သုံဟာ မြန်မာနိုင်ငံတောင်ဘက်စွန်းတစ်လျှောက် မေ ၁၀ရက်မှ ၁၅ရက်အတွင်း မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်တစ်ဝိုက်၊ မေ ၁၅ရက်မှ ၂၀ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းသို့ မေလကုန်၊ ကျန်သည့်ဒေသများကို ဇွန်လဆန်းဝင်လာမှာ ဖြစ်ပါတယ်။ ပုံမှန်ထက်နောက်ကျရင် ရက်ပိုင်းပဲ ဖြစ်မှာပါ။

မုန်တိုင်းဖြစ်နိုင်

ခြွင်းချက်အနေနဲ့ ဒီနှစ်စောစောမှာက မုန်တိုင်းပဲ ဖြစ်နိုင်ပါတယ်။ လောလောဆယ် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းဖြစ်နေပါတယ်။ ဒါ အင်အားပိုကောင်းမယ်ဆိုရင် မုန်တိုင်း ဖြစ်လာနိုင်ပါတယ်။ ဒီမုန်တိုင်းဖြစ်မယ်ဆိုရင် မြန်မာနိုင်ငံကို မုတ်သုံဝင်တာ ပိုမြန်စေနိုင်မှာပဲ ဖြစ်ပါတယ်။

ဂြိုဟ်တုတိမ်ပုံတိုင်းထွာချက် ဖမ်းယူနေစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဂရုစိုက်သင့်

မြန်မာနိုင်ငံမှာ မိုးကြိုကာလဖြစ်တဲ့ ဧပြီ၊ မေ၊ မိုးလွန်ကာလဖြစ်တဲ့ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာစတဲ့ လတွေမှာ မုန်တိုင်းဝင်တတ်ပါတယ်။ ဒါကြောင့် မေလမှာ မုန်တိုင်းဖြစ်မယ်ဆိုရင်တော့ ဂရုစိုက်သင့်ပါတယ်။ အထူးသဖြင့် ရေကြောင်းသွားလာလုပ်ကိုင်သူများ၊ ကမ်းရိုးတန်းဒေသ နေထိုင်သူများ သတိပြုသင့်ပါတယ်။ ၁၉၉၀၊ ၂၀၀၀ ပြည့်နှစ်တွေကို ပြန်ကြည့်ရင် မုန်တိုင်းဖြစ်တာ ပုံမှန်ထက် ပိုနည်းတာတွေ့ရပါတယ်။

အခုလို အပူလွန်ကဲတဲ့ရာသီကနေ မုတ်သုံဝင်လာရင် ဖြစ်တတ်တာက ယေဘုယျအားဖြင့် လေပြင်းတိုက်တယ်၊ နေရာကွက်ပြီး မိုးကြီးတတ်တယ်၊ မိုးသက်လေပြင်းတိုက်မယ်၊ လျှပ်စီးလက်မယ်၊ ရုံဖန်ရံခါ မိုးကြိုးပစ်မယ်၊ မိုးသီးကြွေမယ်။ ဒါကြောင့် မုတ်သုံဝင်လာရင် ဂရုစိုက်သင့်ပါတယ်။

မိုးစနေ လေရာဟု

မိုးစနေ လေရာဟုလို့ မြန်မာပြည်မှာ ရှေးကတောင်သူဦးကြီးများ ဆိုရိုးစကားရှိပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၂၇ ရက်က မုံရွာ၊ စစ်ကိုင်း၊ မန္တလေးတို့မှာ တစ်နေ့တည်း မိနစ်ပိုင်းပဲခြားပြီး လေတိုက်၊ မိုးသီးကြွေဖြစ်ခဲ့ပါတယ်။ ပထဝီအနေအထားအရ ကြည့်ရင် စိတ်ဝင်စားစရာကောင်းပါတယ်။ ဒီတိမ်တန်းတွေရဲ့ ရွေ့လျားမှုဟာ အနောက်က အရှေ့ဖြစ်နေတယ်၊ တစ်နည်းအားဖြင့်ပြောရရင် ရာဟုထောင့်ကသွားတယ်ဆိုတာ ထင်ရှားတယ်။ ဒါကြောင့် ရှေးက တောင်သူလယ်သမားကြီးတွေက ပြောခဲ့တဲ့ မိရိုးဖလာ မိုးလေဝသ ခန့်မှန်းချက်တွေဟာ ယနေ့သိပ္ပံနည်းနဲ့ကြည့်ရင်လဲ မှန်နေတာ အံ့သြဖွယ် တွေ့ရပါတယ်"

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်၏ ပြောကြားချက်များအရ များမကြာမီ မုတ်သုံဝင်လာပြီး အပူချိန် လျော့ကျမည်ဖြစ်သည်။ မိုးဦးကာလတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် အပူလှိုင်း၊ မုန်တိုင်းဖြစ်ရပ်ပုံများကို ပြည်သူများအား မြန်မာ့အလင်းမှတစ်ဆင့်ကြိုတင်သတင်းစကား တင်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

ဆုတောင်းပြည့် ကြေးတော်ကြီးဘုရားတရားပွဲ

ရန်ကုန် မေ ၁

ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ်၊ (၅)ရပ်ကွက် အမှတ် (၃)ဝိုင်းဒေးဒရဲကျောင်းတိုက်တွင် သီတင်းသုံး အပူဇော်ခံလျက်ရှိသော တိလောကာဓိပတိ မဟာမုနိ ပေးမကုန်အားလုံး ဒေသစာရီကိုးနဝင်း ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား၌ နိုင်ငံကျော် နယ်လှည့်ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ သီရိမင်္ဂလာမဟာစည်ရိပ်သာ တွံတေး အရှင်ဣန္ဒက က ၁၃၆၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၃ ရက် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်တင်ဝင်း ၁၂/ဒပန (နိုင်) ၀၁၉၆၃၁သည် မိဘတို့၏ ဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိဘများ-ဦးအောင်သိန်းဝင်း(ခ)
ဦးသန်းဝင်း-ဒေါ်တင်စိန်
အမှတ် ၁၇၆၊ ယမုံနာ(၂)လမ်း၊
ဒေါပုံမြို့နယ်၊ ရန်ကုန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေမာလာရိပ်မွန်နေ
(ဗိုလ်မှူးသိန်းအောင်)[အထွေထွေ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)]-
ဒေါ်တင်တင် တို့၏သား

ဗိုလ်ကြီးညွှန့်အောင် (ငြိမ်း) B.Sc (D.S.A)

ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊
အင်းလျားမြိုင်လမ်း၊ အမှတ် (၃၁)နေ ဦးရဲညွှန့် (**Managing Director;Ray Neon Co.,Ltd.**)-ဒေါ်ခင်စန်းသင်း [အထက်တန်းပြ(ငြိမ်း)]တို့၏သမီးထွေး

မယမင်းညွှန့် B.Sc (Zoology)
Diploma in Computer Arts
(Director; Ray Neon Co.,Ltd.)

တို့၏

၁-၅-၂၀၀၄ရက် **Sedona Hotel** တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာပန်းကုံး ချီးမြှင့်ပေးသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီးဒေါ်အေးပြည့်ဝေခင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့အားလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဇနီး ဒေါ်ကြည်ကြည်ဝင်း အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယဉ်နွယ်ထွန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော သမီးဆုပြည့်စန္ဒီနှင့် ထက်ဝသုန်အောင်၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်၊ စန္ဒရားတင်ကိုကိုနှင့် နိုင်ငံကျော် အဆိုတော်များအားလည်းကောင်း၊ ဓာတ်ပုံ၊ ဗီဒီယို ဝဏ္ဏခွာနီး၊ အခမ်းအနားမှူး ဦးကျော်စိုးဦးနှင့် ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ **Sedona Hotel** ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော သူငယ်ချင်းများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးညွှန့်အောင်-မယမင်းညွှန့်။

မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးညွှန့်အောင် (ဒုတိယအထွေထွေမန်နေဂျာ)နှင့် မယမင်းညွှန့် (Director; Ray Neon Co., Ltd.)တို့၏ ၁-၅-၂၀၀၄ ရက်နေ့မှ စတင်သော မင်္ဂလာဦးမှသည် သက်ဆုံးတိုင်ချစ်ခင်ကြင်နာစွာ လက်တွဲ၍ ဘဝခရီးလမ်းတွင် အောင်မြင်မှုများနှင့် လိုအင်ဆန္ဒအားလုံးပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

အရာထမ်းများ
စီမံရေးရာဌာန လယ်ယာ/ထွက်ကုန်။

မင်္ဂလာဦးဆုတောင်း

ဗိုလ်ကြီးညွှန့်အောင် (ဒုတိယအထွေထွေမန်နေဂျာ)နှင့် မယမင်းညွှန့် (Director; Ray Neon Co., Ltd.)တို့၏ ၁-၅-၂၀၀၄ ရက်နေ့မှ စတင်သော မင်္ဂလာဦးမှသည် သက်ဆုံးတိုင် ချစ်ခင်ကြင်နာစွာ လက်တွဲ၍ ဘဝခရီးလမ်းတွင် အောင်မြင်မှုများနှင့် လိုအင်ဆန္ဒအားလုံး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

စီးပွား/ကူးသန်း ဘောလုံးအသင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာ တက္ကသိုလ်(လှိုင်သာယာ)နှင့် မန္တလေး နည်းပညာတက္ကသိုလ် များတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် မေလ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည့် အောက်ပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁)	M.E(Civil)	(၈)	M.E(Mining)
(၂)	M.E(Mechanical)	(၉)	M.E(Textile)
(၃)	M.E(Electrical Power)	(၁၀)	M.E(Petroleum)
(၄)	M.E(Electronic)	(၁၁)	M.E(Metallurgy)
(၅)	M.E(Information Technology)	(၁၂)	M.E(Aeronautical)
(၆)	M.E(Mechatronic)	(၁၃)	M.E(Architecture)
(၇)	M.E(Chemical)		

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E, B.Arch ဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန်အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းစတင်မည့် ၂၇-၅-၂၀၀၄ရက်တွင် အသက် ၃၅နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှအချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါ နည်းပညာ တက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/နည်းပညာ ကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာ တက္ကသိုလ်တွင် လျှောက်ထားရမည်။

မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော် GTC၊ လားရှိုး GTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည် GTC၊ မိတ္ထီလာ GTC၊ မကွေးGTC၊ ပခုက္ကူGTC၊ အေးသာယာGTC၊ ကျိုင်းတုံ GTC၊ လွိုင်ကော်GTC၊ ပင်လုံ GTC။

၄။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင် သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာ တက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) တွင် လျှောက်ထားရ မည်။

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည် နည်းပညာ တက္ကသိုလ်၊ တောင်ငူ GTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟင်္သာတ GTC၊ ပုသိမ် GTC၊ မော်ဘီ GTC၊ သန်လျင် GTC၊ မြိတ် GTC၊ မော်လမြိုင် GTC၊ မအူပင် GTC၊ ဘားအံ GTC၊ ထားဝယ် GTC။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) နှင့် မန္တလေး နည်းပညာ တက္ကသိုလ်များတွင် ၁၄-၅-၂၀၀၄ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း) ဖုန်း-၀၁-၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်(လှိုင်သာယာ) ဖုန်း-၀၁-၇၁၀၇၀၆နှင့် မန္တလေး နည်းပညာတက္ကသိုလ် ဖုန်း-၀၂-၈၈၇၅၆ ကျောင်းသားရေးရာ ဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ပရီမီယာရှစ် အာဆင်နယ်အရှုံးမရှိစံချိန်ထိန်းဆဲ

ရန်ကုန် မေ ၁

အင်္ဂလိပ်ပရီမီယာရှစ်ပွဲစဉ် (၃၆)ကို ယနေ့ဆက်လက်ကျင်းပရာ အာဆင်နယ်အသင်းနှင့် ဘာမင်ဂမ်အသင်းတို့ ဟိုက်ဘူရီကွင်း၌ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

အာဆင်နယ်အသင်းသည် ပွဲစဉ် (၃၅)တွင် တော့တင်ဟမ်အသင်းနှင့် သရေကျခဲ့ပြီးနောက် ပရီမီယာရှစ် ချန်ပီယံဆုရရှိပြီးဖြစ်သော်လည်း အမာခံကစားသမားများကို ပွဲထုတ်ကစားသွားသည်။

အာဆင်နယ်အသင်းသည် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သော်လည်း ပရီမီယာရှစ်၌ ရှုံးပွဲမရှိ ဗိုလ်စွဲသည့် စံချိန်တင်နိုင်ရေးအတွက်ကြိုးစားကစားသွားသည်။ အာဆင်နယ် အသင်းသည် တစ်ပွဲလျှော့ကစားကာ ဒုတိယနေရာမှ ချယ်လ်ဆီးထက် (၁၁)မှတ်၊ တတိယနေရာမှ မန်ချက်စတာ ယူနိုက်တက် ထက်(၁၂) မှတ်အသာ ရရှိနေသည်။

အခြားပွဲစဉ်များတွင် ဘလက်ဘန်းက မန်ချက်စတာယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိ၊ မန်းစီးတီးက နယူးကာဆယ် ယူနိုက်တက်ကို တစ်ဂိုး-ဂိုးမရှိ၊ ချယ်လ်ဆီးက ဆောက်သမ်တန်ကို လေးဂိုး-ဂိုးမရှိ၊ ဝုလ်ဗာဟမ်တန်က အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ချာလ်တန်နှင့် လက်စတာ နှစ်ဂိုးစီ သရေ၊ ပို့စ်မောက်နှင့် ဖူဟမ် တစ်ဂိုးစီ သရေကျသွားသည်။ **(မြန်မာ့အလင်း)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ အမှတ်၁၄၈(Z-3)နေ
ဦးတောက်ထွန်း (Managing Director,MSC Co.,Ltd.)-ဒေါ်ချိုချို (မြန်မာ့လေကြောင်း-ငြိမ်း)
တို့၏သားငယ်

မောင်ကောင်းမြတ်ထွန်း B.Com,MCSE,MCDBA
IT Engineer(Continental Teves, Japan) နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်း၊ အမှတ် ၁၂၇(F)နေ
ဗိုလ်မှူးစံမင်း (လေယာဉ်မှူး၊ မြန်မာ့လေကြောင်း-ငြိမ်း)-ဒေါ်စံသာတို့၏သမီးငယ်

မမိုးပန်းဝါ B.Com(Q)

တို့သည် ၁-၅-၂၀၀၄ရက်(စနေနေ့)တွင် Grand Plaza Park Royal Hotel၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကောင်းမြတ်ထွန်း-မမိုးပန်းဝါ။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့သာကေတမြို့နယ်၊ စရာဝတီလမ်း မြွှာညီဗွီမ်ရာ
အမှတ် (၆၆-က/၁) နေ ဒေါက်တာ ဦးဘသောင်း (တာဝန်ခံဆရာဝန်ကြီး-ငြိမ်း)
မူးယစ်ဆေးစွဲရောဂါကုသရေး နှင့်သုတေသနဌာန၊ စိတ်ကျန်းမာရေး ဆေးရုံကြီး
ရန်ကုန်မြို့) နှင့် ဒေါ်ကျင်စိန် (သုခဝတီအထူးကုဆေးခန်း)
တို့၏ သားကြီး

ဒေါက်တာအောင်နိုင်ဝင်း (M.B.,B.S)
Managing Director
ရွှေပုံ ပုံနှိပ်လုပ်ငန်း

နှင့်

ရန်ကုန်မြို့၊ အမှတ် (၁၇-စီ) ပြည်ထောင်စုလမ်း ဗဟန်းမြို့နယ်နေ
ဦးကျော်ရှိန်၊ ဒေါ်လှကြူ (သန္တာကျော် ပုံနှိပ်တိုက်) တို့၏ သမီး

မသန္တာကျော် B.Sc (Zoology)
သန္တာကျော် ပုံနှိပ်တိုက်

တို့၏ ၁-၅-၂၀၀၄ ရက် (စနေနေ့) တွင် ရန်ကုန်မြို့၊ Traders Hotel (Myanmar Ballroom) ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်သော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် နှင့် ဇနီးဒေါ်ခင်လှလှ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေနှင့် ဇနီး ဒေါ်ရင်ရင်မြ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှမြင့်နှင့် ဇနီး ဒေါက်တာ မြမြစန်း မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားလွှတ်တော်ချုပ် တရားသူကြီး ဦးဝင်းမောင်သန်းနှင့်ဇနီး ဒေါ်ခင်နီ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အရာရှိကြီးများ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ ရုပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ မင်္ဂလာပွဲ [illegible] အောင်မြင်စေရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုး မိတ်သင်္ဂဟများနှင့်တကွ [illegible] အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင် ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာအောင်နိုင်ဝင်း-မသန္တာကျော်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၃၅၇နေ
ဦးတင်ဦး-ဒေါ်စန်း(မျိုးသိမ်းပွဲရုံ)တို့၏သား

မောင်မျိုးသိန်း B.Sc (Physics)
မန်နေဂျင်းဒါရိုက်တာ၊ နေသီဟကုမ္ပဏီလီမိတက်

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဆည်မြောင်းလမ်း၊ အမှတ် ၂(ဘီ)နေ
ဦးအောင်သိန်း(မန်နေဂျင်းဒါရိုက်တာ၊ ခိုင်သရဖူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-
ဒေါ်မေစိုးတို့၏ တစ်ဦးတည်းသောသမီး

မကေခိုင် B.Com
L.C.C.I (Diploma in Accounting,UK)
ဒါရိုက်တာ၊ ခိုင်သရဖူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

တို့၏ ၁-၅-၂၀၀၄ရက် Sedona Hotel (Grand Ballroom)တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာစံပယ်ပန်းကုံးများချီးမြှင့်ပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီးဒေါ်ခင်မာ၊ မင်္ဂလာလက်စွပ်များချီးမြှင့်ပေးသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီးဒေါ်ခင်အေး၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးသော ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်နှင့် ဇနီးဒေါ်ဝင်းရွှေ၊ မေတ္တာဖြင့် ရတနာများ ဆင်မြန်းပေးသော စိန်ကုန်သည် ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်စန်းစန်း၊ မိတ်ကပ်ဆံပင်နှင့်မင်္ဂလာဝတ်စုံ အလှဆင် ပြုပြင်ဖန်တီးပေးသောခင်စန်းဝင်းနှင့် ပြည်စိုးအောင်၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်ရီရီသန့်နှင့်မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော Lazy Club တေးဂီတအဖွဲ့၊ စားသောက်ဖွယ်ရာများဖြင့် ခင်းကျင်းကျွေးမွေးသော Sedona Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီကြသော သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးသိန်း-မကေခိုင်။

ညောင်သီတာ ရေတော်သွန်းချိန်မို့

ကဆုန်လသည် ဗုဒ္ဓမြတ်စွာဘုရား၏ **‘ဖွား၊ ပွင့်၊ ဝင်’** နေ့မြတ်ထူးဖြစ်၍ မမေ့အပ်သောလဖြစ်သည်။ ညောင်ရေသွန်းပွဲတော်ကို ကျင်းပလေ့ရှိကြသည်။

ရှေးစာဆိုပညာရှိကြီးများက **‘ညောင်သီတာ ရေတော်သွန်းချိန်မို့၊ လွမ်းလှ တယ်လေး’**ဟု ဖွဲ့ခဲ့ခြင်းမှာ တကယ်လွမ်း၍ ဖြစ်သည်။ အပူဒဏ်လွန်ကဲနေပါလျက် ဘာကိုလွမ်းရသလဲဟုမေးလျှင် ဘုရားရှင်၏ဖြစ်တော်စဉ်ကို လွမ်းရသည်ဟု ဆိုရပါလိမ့်မည်။

ကဆုန်လသည် ဘုရားရှင်နှင့်ဆက်စပ်နေသည်။ သုမေဓာရသေ့ ဘဝကပင် ဘုရားဆုပန်ခဲ့သည်။ **‘အာ၊ ဇော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကက်’** ဟူသော ဖွားဖက်တော်ခုနစ်ပါးအပါအဝင်ဖြစ်သော ဗောဓိညောင်ပင်ကိုအမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယဉာဏ်တော်ကို ရတော်မူသည့်အတွက် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ **‘ဗောဓိမဏ္ဍိုင်၊ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်နှင့်’**ဟု စပ်ဆိုတော်မူခဲ့သည်။

ဗောဓိပင်သည်ဘုရားဖြစ်စေရန် ကြီးစွာသော အထောက်အကူပြုခဲ့သည့်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့် ဗောဓိပင်ကိုရှင်သန်စေရန် ညောင်ရေသွန်းခဲ့ကြသည်။ ရိုးရိုးရေလောင်းပုံမျိုး မဟုတ်ပါ။ ရေနှင့် ပူဇော်ခြင်းသာဖြစ်သည်။ ရေပြတ်သည့်ကာလတွင် ရှင်သန်စေရန် ရေသွန်းလောင်း၍ အသက်ဆက်ပေးခြင်းသည် ဘုရားမွေးနေ့ကို အသိအမှတ်ပြုသည်ဟုလည်း ဆိုနိုင်သည်။ အရှင်အာနန္ဒာ၏ ပန်ကြားချက်အရ ဗောဓိပင်ပေါက်ရန် အာနန္ဒာဗောဓိဟုလည်း ခေါ်ကြသည်။

တတိယသင်္ဂါယနာတင်ပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ကိုးတိုင်း၊ ကိုးဌာနသို့ သာသနာပြုရန် စေလွှတ်ခဲ့ရာ ပါဋလိပုတ်ဘုရင်အာသောက၏ သားတော်ရှင်မဟိန္ဒသည် သီဟိုဠ်၌ သာသနာပြုရန် တာဝန်ကျခဲ့သည်။ သီဟိုဠ် မိဖုရားအနုလာဒေဝီနှင့် နန်းတွင်းသူ ၅၀၀ တို့ပါ ဘိက္ခုနီသာသနာဝင်လိုသဖြင့် ဘုရင့်သမီးတော် သင်္ဃမိတ္တာထေရီမလည်း လိုက်ပါသွားရသည်။ သီရိမေဃာသောကမင်းကြီးသည် မဟာဗောဓိသို့ကြွရာလမ်း၌ သံဃာများပါ ကြွရောက်ပြီး ကြက်လျှာ၊ တံခွန်ကုက္ကား၊ ပေါက်ပေါက်တို့ကြဲပြီး တူရိယာငါးပါးနှင့် ပူဇော်ခဲ့သည်။

တောင်ဘက်ကိုင်းမှ တန်ခိုးဗြာဒိဟာပြ၍ ရွှေအိုးချပြီး အဓိဋ္ဌာန်ပြုသည့်အခါ ဗောဓိကိုင်းနှင့် ဗောဓိသီးငါးလုံး ကျလာပြီး အပင်ပေါက်သည်။ ကောင်းကင်၌ ခုနစ်ရက် တည်တော်မူသည်။ ထိုဗောဓိပင်ကို သမီးတော်အား သီဟိုဠ်သို့ပင့်စေခဲ့ရာ တစ်လမ်းလုံး လှိုင်းလေငြိမ်သက်ပြီး ကြာငါးပါး သမုဒ္ဒရာ၌ ပွင့်လေသည်။ အံ့ဖွယ်သူရဲဖြစ်၍ နတ်နဂါးများက ထေရီမထံ ပန်ကြားကာ နဂါးပြည်တွင် ခုနစ်ရက် စံစေတော်မူသည်ကိုမှီး၍ ညောင်ရေသွန်းရာ၌ လူသာမကဘဲ နတ်သိကြားနှင့် နဂါး၊ ဂဠုန်များ ပါဝင်သရုပ်ဆောင်ပြလေ့ ရှိကြသည်။

သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ မင်းကြီးသည် ဦးခေါင်းအထိ ရေထဲသို့ဆင်း၍ ဗောဓိပင်ကိုရွက်ကာ ပူဇော်လေသည်။ စိုက်ပျိုးသည့်အခါ ရောင်ခြည်တော်များလွှတ်ပြီး ရှင်မဟိန္ဒ၏လက်ပေါ်သို့ ဗောဓိသီးတစ်လုံး ကျလာသည်။ ရွှေအိုး၌ စိုက်သည့်အခါ ပင်ပွား ၄၁ ပင် ပေါက်လာခြင်း၊ မူလ မဟာဗောဓိပင်ကြီး၏ တောင်ဘက်ကိုင်းမှ ပေါက်လာခြင်းကြောင့် ဒက္ခိဏသာခါဟု တွင်ခဲ့သည်။

မြန်မာပြည်၌ သာသနာတော် ရောက်ရှိစဉ်ကပင် ဗောဓိပင်များ ရှိနေပြီဟု ကျောက်စာများက ဆိုပါသည်။ ဘုရင်တို့ကလည်း ဗောဓိပင်ကို ပူဇော်မြဲဖြစ်ရာ မိုးညှင်းမင်းတရားလက်ထက် ၇၈၈ခုနှစ်၌ ဒက္ခိဏသာခါရုပ်ပွားတော် အဆူ ၃၈၀ ရှိသည်ဟု သမန္တစက္ခုဒီပနီက ဆိုပါသည်။ အလောင်းစည်သူ၏ မြေးတော် ပေါင်းလောင်းရှင်ကဿပမထေရ် သီဟိုဠ်မှအပြန်တွင် မဟာဗောဓိ ညောင်စေ့ကို ယူလာပြီး နရပတိစည်သူကိုပေးအပ်ကြောင်း၊ ပင်းယခေတ် ဥဇနာမင်းသည်လည်း ဗောဓိညောင်ပင်စိုက်ခဲ့ကြောင်း သာသနာလင်္ကာရ စာတမ်း၌ ပါရှိသည်။ ဘကြီးတော်မင်းနှင့် မင်းတုန်းမင်းကြီးတို့လည်း သီဟိုဠ်ဗောဓိနှစ်ပင်ကို မန္တလေးဗောဓိကုန်းနှင့်ကျောက်တော်ကြီးနံရံအတွင်း၌ ကိုယ်တော်တိုင် စိုက်ခဲ့သည်ဟု သိရသည်။

စာမုံညွန်း

နှစ်စဉ်ညောင်ရေသွန်းအဖွဲ့ပေါင်းစုံ ရွှေတိဂုံစေတီတော် အင်္ဂါထောင့်၌ ညောင်ရေသွန်းသည့်အခါ ကြည်ညိုဖွယ်ကောင်းလှသည်။ ကြည့်မြင်တိုင်မှ ရွှေဖလားရောင်၊ ဖက်ဖူးရောင်အဖွဲ့က သီဆိုသော **“ရှစ်ကြိမ်မြောက်အောင်ကြံဆောင်ရှယ် ဈေးကြီးရပ်က မောင်တို့ရယ်”**ဟူသော ဥဩဘသောင်၏ လကဆုန် ဓာတ်ပြားရသီချင်းကို သတိရမိသည်။

အနေကဇာတိ သံသာရံ ဂါထာနှင့်ရှစ်လုံးဘွဲ့ကဗျာများ၊ ခရသင်း ကြေးစည်သံများဖြင့် ဇယန္တော ဗောဓိယာမူလေ ငါးဂါထာနှင့် ဇယောဟိ ဗုဒ္ဓဿ သီရိမတော အယံ ဂါထာ၏အဓိပ္ပာယ်မှာ–ဤပွဲသည် ဘုရားရှင်၏အောင်ပွဲတည်း၊ မာရ်နတ်၏ စစ်သည်ထုကို အောင်တော်မူသည့်အတွက် နတ်၊နဂါး၊ ဂဠုန်တို့က နံ့သာပန်းတို့ဖြင့် ကြွေးကြော်သည်ဟု အဓိပ္ပာယ်ရသည်။

ကြည်ညိုဖွယ်အတိဖြစ်၍ ပူလောင်အိုက်စပ်ခြင်းကို သတိမရကြ၊ ပကတိချမ်းမြေ့ကြရသည်။ ဗောဓိညောင်ပင်ကို ကျေးဇူးဆပ်ကြသောပွဲ ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိအပ်ပါသည်။

ညောင်ပင်ပေါင်း ၄၀ကျော်ရှိသည်ဟု ဆိုရာ မြန်မာပြည်၌ ကညောင်ပိန္နဲ၊ ညောင်ကြတ်၊ညောင်မုတ်ဆိတ်၊ ညောင်ဗုဒ္ဓဟောပင်များပေါသည်။ သတ္တဝါတို့အား ထီးသဖွယ် အရိပ်အာဝါသပေး၍ ကျေးငှက်နှင့်ခရီးသွားတို့အား အပန်းပြေစေသည်။ ညောင်ရွက်လေခတ်သံကို ဆိုင်းဆင့်ရသည်။ ထိုအသံသည် သဘာဝအသံပင် ဖြစ်သည်။

“မြိုင်ခြေစုံသာပတ်ပျိုး၌ ဘုံသုံးလူ့လေငါးထွေမှန်ဉာဏ်တော်ချုပ်လေတဲ့၊ ဗုဒ္ဓဟောပင့်သီရိသာပ! ဗောဓိညောင်နန်း”ဟု လွမ်းဆွတ်ဖွယ် တွေ့ရသည်။ ရွှေညောင်ရွက်နားဆွဲ၊ နားသံသီးလေးများလည်း ငယ်စဉ်ကဆွဲခဲ့ဖူးသည်။ ဘုရားဆည်းလည်း၌ ညောင်ရွက်ပုံတွေ့ရခြင်းမှာ ဗောဓိညောင်ရွက်ကို လေးစားသမှုပြုခြင်းဖြစ်ပါသည်။ ဗုဒ္ဓဂယာက ပြန်လာသူများရွေးချယ်ထားသော ဗောဓိညောင်ရွက်များကို ပူဇော်ရန် ယူလာကြသည်။

သီဟိုဠ်ဘုရင်ကြီး မူလဗောဓိပင်စိုက်စဉ်က ဒေဝပုတ္တနှင့်သူရိယဂုတ္တမင်းသားတို့ကို ရတနာရွှေကရားအပ်နှင်းကာ မင်းမျိုးမင်းနွယ် သတို့သမီးလေးဦးတို့ကို ရွှေအိုးငွေအိုးအပ်နှင်းစေ၍ အမြဲတမ်း ညောင်ရေသွန်းရန် တာဝန်ပေးခဲ့သည်ဟု သိရသည်။ ကဆုန်ရောက်မှ ရေသွန်းခြင်းမဟုတ်ပါ၊ နေ့စဉ်တာဝန်ဖြစ်သည်။ ညောင်ပင်သည် မြန်မာတို့၏ အရင်းနှီးဆုံးမိတ်ဆွေဖြစ်၍ ညောင်ပင်တစ္ဆေ၊ ဝေလေလေ ကစားခဲ့ဖူးသည်။ ညောင်ပင်ကို ရေသွန်းသောအိုးဖြစ်၍ ညောင်ရေအိုးဟု ခေါ်ကြသည်။ **ညောင်နှစ်ပင်၊ ညောင်လေးပင်၊ ညောင်ကိုးပင်၊ ညောင်ပင်စောက်၊ ညောင်တုန်း၊ ညောင်ဦး၊ ညောင်ရွှေ၊ ရွှေညောင်၊ ညောင်ခြေထောက်၊ ညောင်ခါးရှည်၊ ညောင်ပင်သာ၊ ညောင်ရမ်း၊ ညောင်ဝိုင်း၊ ညောင်လွန်း** ဟူသော နာမည်များကို ချစ်ကြည်စွာနှင့် ခေါ်ကြသည်။

ကဆုန်လသည် ပူပြင်းခြောက်သွေ့၏။ ဆွေ့ဆွေ့ခုန် ပူလောင်၏။ သို့ရာတွင် ဘုရားရှင်နှင့်ဆက်စပ်သော အချက်အလက်များကြောင့် အပူဒဏ်လျော့ကျပြီး အအေးဓာတ်ဝင်လာခဲ့သည်။

စကားဝါ၊ စကားဖြူတို့၏ ရနံ့ကြောင့်လည်း လန်းဆန်းလာကြသည်။ **“သည်ရက်တွင် ကြုံရှင်လာတဲ့၊ ဂုဏ်အင်္ဂါလေးသွယ်အထူးကိုယ်ဖြင့်၊ စုံလင်စွာရွေးချယ်ခူးပါလို့၊ ကြည်နူးစွာ စိတ်သန်လျက်ကယ်နှင့်၊ နိဗ္ဗာန်ကို ဓိဋ္ဌာန်ဖက်ကာ၊ ညောင်မဟာတွင် အောင်ရေဆက်ကြသည့် ရှေးထက်စဉ်အလာကို၊သဘောပေါက်ပါက”**ပို၍ ကုသိုလ်ရကြမည်မလွဲပါ။ ဤဗောဓိပင်ကား၊ ငါတို့ ဘုရားရှင်အား သဗ္ဗညုတဉာဏ်တော်ရသည်အထိ ကြီးစွာသော အထောက်အကူကို ပြုခဲ့ရှာသည်။ ညောင်ထောက်သော ယတြာသည် အကိုင်းအခက်များ ကြံ့ခိုင်စေရန် ထောက်ခြင်းသာ ဖြစ်သည်။ ညောင်ပင်ကို မြန်မာတို့အားထား ခဲ့ကြသည်။ ဤဗောဓိပင်ကို ထာဝရစိမ်းစို ရှင်သန်စေရန် ရေစင်ဖြင့်သွန်းလောင်း၍ အပူဒဏ်ကို ကာကွယ်ကြရန်ဖြစ်သည်။

ညောင်မဟာ၊ အောင်ရေတက်သည့်ပွဲ

မြူခိုးယှက်လိမ်၊ ဝဋ္ဋာဘောင်အုံ့လို့၊ ပြမောင်ရနံ့ နွေမင်းသဘင်၊ ရှာရောင်မကြို့ ပွေချင့်ချင်အောင်၊ ဖြေမရှင့်အင်၊ စေတဲ့လာပ၊ မြူတိမ်ကင်းစွ၊ ပူရှိန်းပြင်းပြ၊ သူရိန်မင်းက ညှိုးစုံဆင်းသည်၊ မိုးလုလင်ရှာပဲ နေရက်အား၊ ပြေခွင်အရပ်၊ သေချင်မတတ်၊ ရေလျှင်ပြတ်၍၊ အိုင်စပ်နဒီမှာ၊ မှိုင်တော်ပြီ သတ္တဝါများ။

ချုံးသလေ၊ နန်းခွေ၊ ကုန်းမြေတစ်လွှားမှာတော့၊ သုံးရေရှားပြန်သော်၊ ဖွား၊ ပွင့်၊ ဝင်၊ နေမြတ်ထူး၊ မေ့အပ်ဖူး ရှိခိုးပန်ကော်ရော်၊ နဂ္ဂဟပွား၍၊ တုတ်ပြတရားမွေ၊ ဗုဒ္ဓဘုရားနေ့အကျိုးရ မျှော်လျှင်၊ မိုးစည်ဆော်၊ ရှာအတန်ကောင်းရဲ့လို့၊ ဖန်မြတခေါင်း၊ စောင်းငဲ့တွေကြည်စွာ၊ လောင်းခဲ့ရေသီတာ။

တောင်ဖွေကျွန်းက၊ မောင်မေလွမ်းစရာ့၊ ညောင်ရေသွန်းကြ၊ ဤလအခါမှာ ကြည်မြသည် ရွှင်လန်းပါလို့လေး။

ကြွေလှိုင်းရနံ့၊ ခွေယိုင်စဖန့်၊ လေဆိုင်ပြန့်တဲ့ ကမ္ဘားမြင့်ဝနာမှာ စကားပွင့်ဝါ၊ ကြူမွှေးစွာလိမ့်လေး။

ငုံတင်းပိတောက်မြ၊ ထုံသင်းလျောက်ကြ၊ မုံညင်းတစ်ယောက်က၊ ကွန်းဆောင်ဘွေမှာ၊ သွန်းညောင်ရေလှူလိုက်ကဲ့လေး။ ။

တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသစ်ဖွင့် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယဝန်ကြီးဦးမောင်အောင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မေ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၆ ရက်က တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိပြီး အသစ်ဆောက်လုပ်ပြီးစီးသွားသော တိုင်းဦးစီးဌာနမှူးရုံး အဆောက်အအုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကမ်းနား တစ်လျှောက် ရေဆိပ်များသို့ သွားရောက်ပြီး ဆိပ်ကမ်းများသို့ ခရီးသည်တင်သင်္ဘောများ၊ ပြည်တွင်းငါးဖမ်းသင်္ဘောများ၊ နိုင်ငံခြားငါးဖမ်းသင်္ဘောများ ဝင်ထွက်သွားလာမှုအခြေအနေ၊ နိုင်ငံခြားသားများ ဝင်ရောက်ထွက်ခွာမှု စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီးနိုင်ငံခြားသား ဝင်ထွက်မှုများစစ်ဆေးရာတွင်လွယ်ကူလျင်မြန်စေရေး၊ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက် ထွက်ခွာမှုများ မဖြစ်ပေါ်စေရေးနှင့် မသမာမှုများ မဖြစ်ပေါ်စေရေးအတွက်ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန် မှာကြားသည်။

ဧပြီ ၂၇ ရက် နံနက် ၇ နာရီခွဲတွင် တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသစ် အဆောက်အအုံ ဖွင့်ပွဲ ကျင်းပရာ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က တိုင်းရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဌေးတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးသည်။

ဧပြီ ၂၈ရက်တွင် ဒုတိယဝန်ကြီး ဦးမောင်အောင်နှင့်အဖွဲ့သည် ထားဝယ်ခရိုင် ဦးစီးဌာနမှူးရုံးတွင် တိုင်းဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများနှင့် မ–က–ဖ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး တိုင်းဦးစီးဌာနမှူး ဦးလှဒေါင်း၊ ခရိုင်ဦးစီးဌာနမှူး ဦးရှိန်ဝင်းတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ထားဝယ်ဆိပ်ကမ်းသို့သွားရောက်ပြီးသင်္ဘောများဝင်ထွက်သွားလာမှုအခြေအနေ ၊မ–က–ဖ အဖွဲ့များက ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများ ဝင်ရောက်ထွက်ခွာမှုစစ်ဆေးခြင်းလုပ်ငန်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လောင်းလုံနှင့် သရက်ချောင်းမြို့နယ် ဆိပ်ကမ်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဌာပနာပိတ်ပွဲကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာအုပ်စုနဝင်းကျောင်းတိုက်၌ နဝင်းဆရာတော် အရှင်ခေမာစာရ ဦးစီး၍ ၁၃၆၆ ခု ကဆုန်လပြည့်နေ့ နံနက် ၉ နာရီတွင် ကန်တော်မင်္ဂလာကြီးအတွင်းအဓိဋ္ဌာန်ဆုတောင်းပြည့် နဂါးရုံဘုရား၌ဌာပနာပိတ်ပွဲကျင်းပမည်ဖြစ်ကြောင်း တပည့် ဒါယကာ ဒါယိကာမများအားအသိပေးနှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

အထူးအယူခံခုံရုံး ရုံးထိုင်

ရန်ကုန် မေ ၁

ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဒေါက်တာတင်အောင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူး အယူခံမှုငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇အရ တင်သွင်းသည့် တရားမအထူးအယူခံမှုသုံးမှုကိုလည်း ရုံးထိုင် ကြားနာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က မြိတ်မြို့၌ တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (လဝက)

ချမ်းမြသာစည်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများဖွင့်

မန္တလေး မေ ၂၄

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက တမ္ပဝတီရပ်ကွက် ၈၄ လမ်းနှင့် ကြေးသွန်းလမ်းထောင့်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများကို ဆောင်ရွက်ရာတွင် အရှည် ၂၃၀၃ ပေ၊ အကျယ် ၁၄ ပေရှိ ၈၄ လမ်းအား ငွေကျပ် ၈၄၁၄၄၇၀ အကုန်အကျခံ၍ အကြီးစားပြင်ဆင်ခြင်း၊ အရှည်ပေ ၇၅၀၊ အကျယ် ၁၄ ပေရှိ ရွှေစံကိုင်လမ်းအား ငွေကျပ် ၃၈၉၂၀၀၀ အကုန်အကျခံ၍လည်းကောင်း၊ အရှည် ၁၇၁၆ ပေ၊ အကျယ် ၁၄ ပေရှိ ကြေးသွန်းလမ်းအား ငွေကျပ် ၇၁၂၃၄၂၀ အကုန်အကျခံ၍လည်းကောင်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းများအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီး ဘဝရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည် ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	–	၄ဝိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀ဝိ/–
သဲတစ်ကျင်း	–	၆၀၀ဝိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀ဝိ/–
ထုံး (တစ်အိတ်)	–	၁၀၀ဝိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	–	၅၀ဝိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း –၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း –၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ ရုံး။

ဧပြီ ၄ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျန်ထွေး၊ ဒုဦးစီးမှူး(အခွန်) ဒေါ်နော်ကလယ်ဒေထူးနှင့် ဝန်ထမ်းများ မြို့မဈေးကြီးအတွင်း သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (၀၂၄)

အမြို့မြို့ အနယ်နယ် သတင်းများ

ကိုယ့်အားကိုယ်ကိုး နဝရတ်စာကြည့်တိုက်ဖွင့်

သပိတ်ကျင်း ဧပြီ ၁၀

သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအုပ်စု ကိုးပင်ကျေးရွာ၏ ကိုယ့်အားကိုယ်ကိုး နဝရတ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဒုတိယရဲမှူး ဆွေမြင့်အေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြီးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

တက်သီဟစာကြည့်တိုက်တည်ထောင်ရေးစည်းဝေး

ဆင်ဖြူကျွန်း ဧပြီ ၂၃

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မြောင်းဘောင်ရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ "တက်သီဟ" စာကြည့်တိုက် တည်ထောင်ရေး အစည်းအဝေးကို ဧပြီ ၁၈ ရက်က မြောင်းဘောင်ရွာ မူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းပါးရှင် "သုတေသီ ဦးမြင့်အောင်"က အဖွင့်အမှာစကားပြောကြားပြီး၊ ဥပဒေ ဆောင်းပါးရှင် ဦးမောင်မောင်အေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဦးဝင်းတို့က စာကြည့်တိုက် တည်ထောင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဆင်ဖြူကျွန်းမြို့ စာပေ၊ အနုပညာနှင့် လူမှုရေးသိပ္ပံဘာသာ လေ့လာရေးကော်မတီက မတည်စာအုပ်၊ စာစောင်များ ပေးအပ်ရာ စာကြည့်တိုက်ဖြစ်မြောက်ရေး အဖွဲ့ဝင်များက လက်ခံရယူကြသည်။ ဆက်လက်၍ တက်ရောက်သူများက အကြံပြု ဆွေးနွေးကြပြီး ဥက္ကဋ္ဌ ဦးတင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်း၊ အတွင်းရေးမှူး ဦးထွန်းရီ၊ တွဲဖက် အတွင်းရေးမှူး ဒေါ်ခင်စန်းသူတို့ ခေါင်းဆောင်သော "တက်သီဟ"စာကြည့်တိုက် ကော်မတီကို ရွေးချယ်ဖွဲ့စည်း လိုက်သည်။

(က–ပ)

တပ်ကုန်းမြို့ မြို့မဈေးကြီးအတွင်း၌ မီးဘေး လုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၃၀ ရက်က မီးသုံးစွဲသည့်ဈေးဆိုင်များကို လိုက်လံစစ်ဆေးကြစဉ်။ (၂၆၆)

လှိုင်ကော်မြို့နယ် လယ်ထွဲကျေးရွာ၌ ဂဝံလမ်းဖွင့်

လှိုင်ကော် ဧပြီ ၂၃

ကယားပြည်နယ် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော နွားလပိုးကျေးရွာအုပ်စု လယ်ထွဲကျေးရွာ ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါလယ်ထွဲကျေးရွာ ဂဝံလမ်းထိပ် မုခ်ဦးတွင်ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး တက်ရောက် ကြည့်ရှုအားပေးသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက အဆိုပါ လယ်ထွဲဂဝံလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေသခံ လယ်ထွဲကျေးရွာ ပြည်သူလူထု ကိုယ်စား ဦးမောရစ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စင်းနှင့် လယ်ထွဲကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ရွှဲ့တို့က လယ်ထွဲကျေးရွာ ဂဝံလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (၀၆၆)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ကျင်းပ

ပခုက္ကူ ဧပြီ ၁၂

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၅ ရက် နံနက်က ပခုက္ကူမြို့ ပြင်ပလူနာကုသဆောင် အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ် အတွင်းရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဒေါက်တာ မာမာဌေးက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၄၁၃)**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန်ကျေးရွာအနီးရှိ ယခင်ရှေးဟောင်းသိမ်တော်ကြီးအား နယ်လှည့်သာသနာပြု မဲ့ရှင်ဆရာတော် ဘဒ္ဒန္တ ခေမာစာရက ဦးဆောင်ကြီးကြပ်ပြီး ဧပြီ၁၈ရက်နှင့် ၁၉ရက်များက နယ်မြေခံတပ်ရင်းမှူး ဗိုလ်မှူးသန်းထွန်း ဦးဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် နယ်မြေခံပြည်သူများပူပေါင်း၍ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းကြရာ သိမ်တော်ကြီး၏ လေးဘက်တို့တွင် မုခ်ပေါက်လေးပေါက်ဖြင့် အုတ်တံတိုင်းများ ကာရံထားကာ အုတ်တံတိုင်းများတွင် အမြင့်နှစ်ပေ သုံးလက်မရှိသော ရဟန္တာရုပ်တုတော် ၈၀နှင့် ရှေးမြန်မာမှုလက်ရာ ထူးဆန်းအံ့ဖွယ်ကောင်းသော ပန်းတောင်း၊ ပန်းလက်၊ မိကျောင်းရုပ်လုံး သုံးပေခန့်ရှိ စဉ့်ဖြင့် ပြုလုပ်ထားသောမြေတွင်းမှ ကျိုးပဲ့နေသော မိကျောင်းရုပ်လုံးများနှင့် ဝသုန္ဓြေနတ်သမီးဦးခေါင်းပုံနှင့် နှစ်ထပ်လောင်းထားသော နှစ်ထပ်စဉ့်အိုးကွဲများ၊ သိကြားမင်းရုပ်တုများကို တူးဖော် တွေ့ရှိရစဉ်။ (သတင်း-ဖော်ပြပြီး) (၁၁၆)

ပါဠိပထမပြန် စာမေးပွဲအောင် သံဃာတော်များ အောင်လက်မှတ် ဆက်ကပ်လှူဒါန်း

ပေါင်းတည် ဧပြီ ၁၀

ပေါင်းတည်မြို့တွင် (၅၆)ကြိမ်မြောက်စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပရာ အစိုးရ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ပထမကြီးတန်း သုံးပါး၊ ပထမ လတ်တန်း ခြောက်ပါး၊ ပထမငယ်တန်းအပါး ၃၀တို့အား လှူဖွယ်ဝတ္ထုပစ္စည်း များနှင့် အောင်လက်မှတ်ဆက်ကပ်ခြင်းအခမ်းအနားကို မတ် ၂၁ရက်က သကျမုနိ မိုယံကောင်းဘုရားကြီး အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဂေါပက အဖွဲ့ဝင်များ၊ သမ္မဝေပုလ္လအသင်းဝင်များ၊ ပါဠိပထမပြန် အကျိုးတော်ဆောင် အသင်းများ၊ ပရိတ် သင်းများ၊ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင် သက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာ ရေးဦးစီးမှူး ဦးရင်မောင်နှင့်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးညိမ်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်တို့က သာသနာ ရေးနှင့်ဆိုင်ရာများ လျှောက်ထားပြီး နာယက ဆရာတော် ကိုးပါးနှင့် စာအောင် သံဃာ ၃၉ပါး တို့အား အောင်လက်မှတ်နှင့် နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ သုန္ဒရ ဘိုးကုန် ဆရာတော်က ဩဝါဒကထာ တရားများ ချီးမြှင့်ပြီး ရေစက်သွန်းချ အမျှ ပေးဝေကြသည်။ (၃၃၁)

ပုဂံ-ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေရှားပါးသည့် တောင်မင်းကျေးရွာအုပ်စု စံပြကျေးရွာတွင် လေးလက်မ စက်ရေတွင်း(တွင်းနက်)ကို ဧပြီလဆန်းပိုင်း တူးဖော်ရာ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆန်းလင်းတို့က စစ်ဆေး ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (၃၀၀)

လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများဆင်း

အိမ်မဲ ဧပြီ ၁၀

အိမ်မဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်သည့် နွေရာသီ လူသားစွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးရေးသင်တန်းများဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ၊ အားကစား၊ အင်္ဂလိပ်စကားပြော၊ ကွန်ပျူတာ၊ ပန်းချီ၊ တိုင်းရင်းဆေး၊ ရှေးဦးသူနာပြု၊ အခြေခံစစ်ရေးပြ၊ ဘင်ခရာသင်တန်းဆင်းပွဲကို ဧပြီ ၄ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အသင်း အတွင်းရေးမှူး ဒေါက်တာ မောင်မောင်စိုးက အမှာစကားပြောကြားသည်။

(ဝဲပုံ)(မြို့နယ် ပြန်/ဆက်)



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ဖြန့်ချိရေး- ကျား/မ (၁၀)ဦး

(အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်)

လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ လေဘာမိတ္တူ၊ ကာလာလိုင်စင်ဓာတ်ပုံ လေးပုံနှင့်အတူ ၁၀-၅-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရန်လိပ်စာ

Sun & Moon (Advertisement Occupation)

အမှတ် ၁၅၃၊ ဝိဇ္ဇာညီနောင်လမ်း၊ ကိုးမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဦးဟန်ဝင်းအောင်နှင့်အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇော ၈/ရစက(နိုင်)၀၀၀၆၁၆ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရှိ အောင်ကျော်ဇော အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်ပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဆိုင်ဝန်ထမ်းဖြစ်သူ ဦးဟန်ဝင်းအောင် ၇/ကတခ(နိုင်)၀၀၀၅၁၆ သည် ဆိုင်၏ငွေကြေးကိစ္စရပ်များကို ရှင်းလင်းခြင်းမရှိဘဲ ၂၄-၄-၂၀၀၄ ရက်နေ့မှစ၍ တိမ်းရှောင်နေပါသဖြင့် ဦးကျော်ဇောထံသို့ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပါရန် အသိပေးကြေညာအပ်ပါသည်။

ဦးဟန်ဝင်းအောင်အား ဆိုင်ဝန်ထမ်းအဖြစ်မှ ရပ်စဲပြီးဖြစ်၍ ဆိုင်နှင့်ပတ်သက်သည့်ပစ္စည်းနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဦးကျော်ဇောနှင့်သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြပါရန်နှင့် ဦးဟန်ဝင်းအောင်၏ ကိုယ်ရေးကိုယ်တာဆောင်ရွက်မှုများနှင့်ပတ်သက်၍ တာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်မောင်ကြီး၊ဘီအေ၊အာရ်အယ်လ်
တရားရုံးချုပ်ရှေ့နေ (၁၉၁၇)
အမှတ် ၂၉၊ ၃၅ လမ်း၊ ရန်ကုန်မြို့။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu Dar Hnin

(ဖလမ်းမြို့)

အသက်(၇၇)နှစ်

ဖလမ်းမြို့နယ်၊ Tlau Himun ကျေးရွာနေ Pu Nun Thuan-Pi Hlen Man တို့၏ သား၊ Pi Sa Tin Par-Pu Ngun Nei Luai၊ Pu Van Lal Luai-Pi Cung Nuam Jang၊ Pi Sui Nei Men-Pu Mang Hrem၊ Pu Hniar Nei Zul-PiHrang Tin Sung Rev Lian Ci-Nann Cia Phyu၊ Pu Fung Mang-Pi Boih Boih တို့၏ ဖခင်ကြီး၊ မြေး ၂၄ ယောက် တို့၏ အဘိုး၊ Pi Khuang Tin Sung ၏ ခင်ပွန်း Pu Dar Hnin သည် ၂၇-၄-၂၀၀၄ ရက်(အင်္ဂါနေ့) ည ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီ ဖြစ်ပါ၍ ၂၈-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီ ဗလိုင်ရပ်ကွက် နေအိမ်တွင် ဝတ်ပြုဆုတောင်းပြီး ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ခရစ်ယာန်သချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကွင်းအမှတ် ၄၀၀ဘီ၊ ဦးပိုင်အမှတ် ၇၇(က) မြေကွက်မှ မခွဲမစိတ်ရသေးသော အရှေ့ဘက်ခြမ်း၏ တစ်စိတ်တစ်ဒေသဖြစ်သည့် အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး အမှတ် ၁၅(အေ)ဟုခေါ်တွင်သည့် မြေကွက်သက်သက်နှင့်အကျိုးခံစားခွင့်များကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လက်ရှိပိုင်ရှင် ဒေါ်သန်းသန်းထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်မာသော အထောက်အထားများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇင်ထွန်း(ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ
စဉ်- ၆၄၆၃
အမှတ် ၃၁၊၃၃၊စတုတ္ထထပ်
၃၅လမ်း၊ ကျောက်တံတားမြို့နယ်။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မန္တလေးတိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှုအမှတ် ၂၁၀

သမဝါယမဘဏ်လီမိတက် နှင့် ၁။ ဦးထွန်းကြည်
၂ ။
ဒေါ်ခင်လှိုင်ထွန်း

တရားနိုင် **တရားရှုံး**

၁၉၉၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၁၄ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၄ ခုနှစ် မေလ ၆ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၆ ခုနှစ် ကဆုန်လဆုတ် ၃ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် ၂၅၊ သာဇံအနောက်ကွင်းရှိ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်အမှတ် ၄၆(ခ)နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်းမနားမြို့၊ ၂ လမ်း၊ မင်္ဂလာရပ်ကွက်ရှိ အဆောက်အအုံအမှတ် ၃၀၉၊

လေလံကြမ်းခင်ဈေး - ကျပ်သိန်း ၁၀၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
